မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဂုဏ်သတင်းပို့နှုန်းလိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ပဝဂ်(ခမ္ဘာ-၅၄)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ(၆၆)၊ အမှတ်(၀၅၃)

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေပြဋ္ဌာန်း

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေ
(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈ ။)
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ** ဆိုသည်မှာ အသေးစား စီးပွားရေးလုပ်ငန်း၊ အငယ်စား စီးပွားရေးလုပ်ငန်းနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဆိုသည်။

(ခ) **စီးပွားရေးလုပ်ငန်း**ဆိုသည်မှာ အမြတ်အစွန်းရရှိရန်အလို့ငှာ လုပ်ကိုင်ဆောင်ရွက်သည့် နိုင်ငံသားပိုင်ကုန်ထုတ်လုပ်မှု သို့မဟုတ် ရောင်းဝယ်မှု သို့မဟုတ် ဝန်ဆောင်မှု သို့မဟုတ် အခြားလုပ်ငန်းကို ဆိုသည်။

(ဂ) **အသေးစားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြတ်မ်းအလုပ်သမားဦးရေ ၁၀ ဦးထက် မပိုသော သို့မဟုတ် နှစ်တစ်နှစ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကျပ်သန်း ၅၀၀ ထက်မပိုသော စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(ဃ) **အငယ်စားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြတ်မ်းအလုပ်သမားဦးရေ အနည်းဆုံး ၁၁ ဦး မှ ၅၀ ဦးထက်မပိုသော သို့မဟုတ် နှစ်တစ်နှစ်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ကျပ်သန်း ၅၀၀ အထက်မှ ကျပ်သန်း ၁၅၀၀ ထက်မပိုသော စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(ငံ) **အလတ်စားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ အမြတ်မ်းအလုပ်သမားဦးရေ အနည်းဆုံး ၅၁ ဦး မှ ၃၀၀ ဦးထက်မပိုသော သို့မဟုတ် နှစ်တစ်နှစ်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ကျပ်သန်း ၁၅၀၀ အထက်မှ ကျပ်သန်း ၅,၀၀၀ ထက်မပိုသော စီးပွားရေးလုပ်ငန်းကို ဆိုသည်။

စာမျက်နှာ ၃ ကော်လံ ၁

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာဝဲကြီးပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၁

ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၆ ခုနှစ် မဟာဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနောက်ရထားခန်းမ၌ ဆင်ယင်ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာဝဲကြီးကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာဒိစ္စဝံသနှင့်

စာမျက်နှာ ၇ ကော်လံ ၁

ယနေ့ ဖတ်စရာ

စည်းလုံးညီညွတ်မှုအင်အားနဲ့ ရင်ဆိုင်ကျော်လွှားရမည့် ICJ တရားရုံးဆုံးဖြတ်ချက် ဆောင်းပါး စာ ၈

လယ်ယာကလွှဲဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန် တိုးတက်မှုသို့ (အပိုင်း ၆) ဆောင်းပါး စာ ၁၂

SpaceX ၏ Dragon ကုန်တင်အာကာသယာဉ် သုတေသနနမူနာများသယ်ဆောင်ကာ ကမ္ဘာမြေအပြန်ခရီးစတင် နိုင်ငံတကာရေးရာ စာ ၁၄

အဆောက်အအုံများ၏ အမိုးပေါ်တွင် အမိုးတင်ဆိုလာတပ်ဆင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်း အစီအစဉ်တွင် ပါဝင်နိုင်ပါရန် ဖိတ်ခေါ်ခြင်း ပြည်တွင်းသတင်း စာ ၁၅

အာဆီယံနိုင်ငံခေါင်းဆောင်များ၏ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်တို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်

ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့၌ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်တွင် ကျင်းပခဲ့သည့် (၄၈) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံထုတ်ပြန်ချက် (၅) ရပ်အကောင်အထည်ဖော်မှုအပေါ် အာဆီယံနိုင်ငံခြေခေါင်းဆောင်များ၏ သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်အား ထုတ်ပြန်ခဲ့သည်ကို

စာမျက်နှာ ၉ ကော်လံ ၁

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်တွင် အဓမ္မဖမ်းဆီးဆင့်ခေါ်ခြင်း၊ တရားမဝင် ငွေကြေးကောက်ခံခြင်းများအား အရေးယူထားရှိမှု အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော်ကာကွယ်ရေးဖွဲ့မ်းပကား မြင့်မားရန် လိုအပ်မှုရှိနေခြင်းနှင့် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး ဥပဒေအရ အကျုံးဝင်သူ အမျိုးသားများအား ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်လျက်ရှိပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များအား ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဆင့်သော

စာမျက်နှာ ၁၀ ကော်လံ ၁

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၂၁

ယနေ့နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသော လေနွေးများနှင့် တရုတ်ပြည်မကြီး ပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ တိုက်ခတ်လာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း နိုဝင်ဘာ ၂၂ ရက်မှ ၂၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊

စာမျက်နှာ ၁၀ ကော်လံ ၁

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး။

★ အမျိုးဂုဏ်၊ ဓာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစား တန်ဖိုးထား စောင့်ရှောက်မြှင့်တင်ရေး။

★ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။

★ လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှု အရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်စေရေး။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော်ရုံး၊ အစည်းအဝေးနှင့်ကော်မတီဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ထိုက် ကို ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

၂၁ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂ - ၁၁ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၈၁၅	၃၉၇၀	၃၉၂၀	၃၈၃၀	၃၉၇၅	၃၉၈၅	၄၀၂၀	၃၉၀၀	၄၂၇၀	၄၃၀၀	၃၉၂၀	၄၀၄၀	၄၀၀၀	၃၉၇၀	၃၉၈၀	၄၂၁၀
95 Ron	၃၈၈၀	၄၀၃၅	၃၉၈၅	၃၈၉၅	၄၀၄၀	၄၀၅၅	၄၀၈၀	၃၉၆၅	၄၃၃၅	၄၃၆၅	၃၉၈၅	၄၁၀၀	၄၀၈၀	၄၀၃၅	၄၀၄၅	၄၂၇၅
HSD (500 ppm)	၄၁၅၅	၄၂၀၀	၄၂၅၅	၄၁၇၀	၄၃၀၅	၄၃၂၀	၄၃၅၀	၄၂၃၅	-	၄၆၀၅	၄၂၅၅	၄၆၀၅	၄၃၄၀	၄၃၀၀	၄၃၀၀	၄၅၃၀
HSD (50 ppm)	၅၀၄၀	၅၀၉၅	၅၀၃၅	၅၀၄၅	၅၂၀၀	၅၂၂၅	၅၂၅၀	၅၀၂၅	၅၀၉၅	၅၂၆၅	၅၀၃၅	၅၂၄၀	၅၂၀၀	၅၀၉၀	၅၂၀၅	၅၀၃၅
HSD (10 ppm)	၅၀၄၀	၅၀၉၅	၅၀၃၅	၅၀၄၅	၅၂၀၀	၅၂၂၅	၅၂၅၀	၅၀၂၅		၅၂၆၅	၅၀၃၅	၅၂၄၀	၅၂၀၀	၅၀၉၀	၅၂၀၅	၅၀၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၁၃	၃၇၁၉
95 Ron	၃၆၇၈	၃၇၈၅
HSD (500 ppm)	၃၉၅၅	၄၀၆၃
HSD (50 ppm)	၄၈၀၁	၄၉၂၇
HSD (10 ppm)	၄၈၀၁	၄၉၂၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ ဓာတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာဖြင့်၊ နေစာဇော်ထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ဒေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာပွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွန်ဃနိတ်အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၅၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၁၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၃၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေးစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၇၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၀၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၀၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

မြန်မာ့အလင်း

နိုင်ငံ့အားကစားကဏ္ဍ မြင့်မားအောင်မြှင့်တင်မျိုးဆက်သစ်များပေါ်ထွက်ရန် ပြုစုပျိုးထောင်

နိုင်ငံတည်ဆောက်ရေးတွင် အဓိကအရေးပါသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရာတွင် ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးသည်လည်း အရေးပါသည့် ကဏ္ဍတစ်ရပ် ဖြစ်သည်။ အထူးသဖြင့် နိုင်ငံ၏ အနာဂတ်အင်အားများဖြစ်သော လူငယ်လူရွယ်များ၏ဗလငါးတန် ဖွံ့ဖြိုးရေး ပြုစုပျိုးထောင်ပေးရာတွင် အားကစားကဏ္ဍတိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးရန် လိုသည်။

အားကစားသမားတစ်ဦးသည် ခွန်အား၊ ဉာဏ်ရည်၊ ကျွမ်းကျင်မှု၊ လျင်မြန်မှု၊ သက်လုံ စသည်ဖြင့် ရုပ်ပိုင်းအရရော စိတ်ပိုင်းအရပါ လေ့ကျင့်တည်ဆောက်မှုများကို မဖြစ်မနေ အကြိမ်ကြိမ်ပြုလုပ်ရပြီး ပြိုင်ပွဲဝင်ကြရခြင်းဖြစ်သည်။ အားကစားနည်းများအလိုက် တစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့ဖြင့်သော်လည်းကောင်း ယှဉ်ပြိုင်ကြရခြင်းဖြစ်ရာ အများနှင့်ပူးပေါင်းဆောင်ရွက်တတ်လာသလို တာဝန်ကိုခွဲဝေယူတတ်လာသည်။ မိမိကျရာတာဝန်ကို ကျေပွန်စွာဆောင်ရွက်သည့် အလေ့အကျင့်ဖြစ်ထွန်းလာသည်။ အနိုင်မခံ အရှုံးမပေးသည့်စိတ်ဓာတ်၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေတို့ကို လိုက်နာသည့် စိတ်ဓာတ်များလည်း ကိန်းအောင်းလာသည်။ မတရားသည့်နည်းလမ်းဖြင့် အနိုင်ယူရန် ရှက်ခြင်း၊ ပြိုင်ဘက်ကို လေးစားစွာဆက်ဆံခြင်း၊ မိမိ၏ဂုဏ်သိက္ခာကို ထိန်းသိမ်းကာ မိမိကိုယ်ကိုယ် လေးစားခြင်း၊ ရှုံးနိမ့်မှုကို လက်ခံနိုင်ပြီး မှန်ကန်စွာတုံ့ပြန်နိုင်ခြင်း စသည့် အလေ့အထကောင်းများလည်း ပိုင်ဆိုင်လာသည်။

နိုင်ငံအနေဖြင့် အားကစားအောင်မြင်ခြင်းသည် နိုင်ငံ၏ ဂုဏ်သိက္ခာကို မြင့်မားစေခြင်းဖြစ်သည့်အလျောက် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က မြှင့်တင်ဖြည့်ဆည်းပေးမှုများ ပြုလုပ်လျက်ရှိသည်။ "အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားကဏ္ဍ ဆိုင်ရာ အခြေခံအဆောက်အအုံများ လိုအပ်လျက်ရှိကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အားကစားကွင်းများ၊ ဘောလုံးကွင်းများနှင့် ရေကူးကန်များတည်ဆောက်ပေးလျက်ရှိပြီး အားကစားဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံမှုမရှိသေးသည့် ဒေသများတွင်လည်း အဆင့်လိုက် ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရှိပြီးဖြစ်သည့် အားကစားကွင်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ရေရှည်တည်တံ့မှုရှိစေရေး စနစ်တကျဖြင့် အစဉ်အဆက် ထိန်းသိမ်းကြရန်နှင့် အားကစားလုပ်ဆောင်ရန်အတွက် သင့်လျော်သည့် ပတ်ဝန်းကျင်ဖြစ်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အားကစားသမားများလေ့ကျင့်ရေးအတွက် အားကစားနည်းအလိုက် လေ့ကျင့်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးသွားရန်လိုကြောင်း" စသည်ဖြင့် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်က တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်၏ မူဝါဒများနှင့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်တို့နှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍လည်းနိုင်ငံတော်သမ္မတက အားကစားသမားများ၏ နည်းစနစ်ပိုင်း၊ ကြံ့ခိုင်ရေးပိုင်းတို့ ကောင်းမွန်ရေးအတွက် ကျွမ်းကျင်သည့် နည်းပြများနှင့် စနစ်တကျလေ့ကျင့်သင်ကြားပေးရေး၊ ပြိုင်ပွဲများတွင် စည်းကမ်းတကျလာရောက်အားပေးသည့် အားကစားပရိသတ်များ ပိုမိုများပြားလာရန် ဆောင်ရွက်ရေးတို့ကိုပါ မှာကြားသွားခဲ့သည်။

နိုင်ငံတော်၏ အားကစားကဏ္ဍ တိုးတက်အောင်မြင်ရေးအတွက် နိုင်ငံတော်က ဖြည့်ဆည်းပေးထားသည့် ဘောလုံးကွင်း၊ အားကစားကွင်း၊ အားကစားရုံများ စသည်တို့မှာ လေ့ကျင့်မှုများ၊ ပြိုင်ပွဲများဖြင့် ရာသီမလပ် လှုပ်ရှားသက်ဝင်နေဖို့လိုသည်။ အားကစားနည်းအလိုက် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ထွက်ပေါ်နေမှသာ နိုင်ငံ့အားကစား အဆင့်အတန်းမြင့်မားလာနိုင်မည်ဖြစ်ရာ ဒေသဂုဏ်ဆောင်အားကစားသမားများ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရေးအတွက် ဒေသခံပြည်သူများ၏ စိတ်ဝင်တစားအားပေးမှုများက အရေးကြီးသည်။ သက်တမ်းအလိုက် အားကစားပွဲများ၊ ရာသီအလိုက်အားကစားပွဲများ၊ ဖိတ်ခေါ် အားကစားပြိုင်ပွဲများ၊ ကျောင်းပေါင်းစုံ ပြိုင်ပွဲများ၊ ကလပ်အသင်းပေါင်းစုံ ပြိုင်ပွဲများ စသည်တို့ကိုမှန်မှန်ကျင်းပပေးပြီး စည်စည်ကားကားအားပေးကြခြင်းအားဖြင့် ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များအလိုက် အားကစားကဏ္ဍများ တိုးတက်မြင့်မားလာပြီး အားကစားသမားကောင်းများစွာ ပေါ်ထွက်လာမည်ဖြစ်သည်။

တစ်မျိုးသားလုံး၏ အားကစားကဏ္ဍတိုးတက်မြင့်မားအောင် မြှင့်တင်ခြင်းသည် ကမ္ဘာ့အလယ်တွင် နိုင်ငံနှင့်လူမျိုးတို့၏ ဂုဏ်သိက္ခာနှင့် အရှိန်အဝါကိုမြင့်မားအောင် မြှင့်တင်ပေးခြင်းပင်ဖြစ်သည့် အလျောက် ပြည်သူတစ်ရပ်လုံးက နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရပါမည့် အကြောင်း။ ။

❁ *ရှေ့ဖုံးမှ*

(၈) **စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ**ဆိုသည်မှာ အသေးစားစီးပွားရေးလုပ်ငန်း သို့မဟုတ် အငယ်စား စီးပွားရေးလုပ်ငန်း သို့မဟုတ် အလတ်စားစီးပွားရေးလုပ်ငန်းတစ်မျိုးမျိုးကို ဖြစ်စေ၊ တစ်မျိုး ထက်ပို၍ဖြစ်စေ လုပ်ကိုင်သည့် နိုင်ငံသားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းကို ဆိုသည်။

(ဆ) **စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့**ဆိုသည်မှာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက တည်ဆဲ ဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော အကျိုးအမြတ်မယူသည့်အသင်းအဖွဲ့ကို လည်းကောင်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသောအဖွဲ့အစည်း၊ တစ်ဆင့်ခံ အဖွဲ့အစည်း သို့မဟုတ် အဖွဲ့ခွဲတစ်ခုခုကိုလည်းကောင်း ဆိုသည်။

(၉) **ဗဟိုကော်မတီ**ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဗဟိုကော်မတီကို ဆိုသည်။

(၁၀) **လုပ်ငန်းကော်မတီ**ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(ည) **အေဂျင်စီ (Agency)** ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီကို ဆိုသည်။

(ဋ) **ဒေသဆိုင်ရာအေဂျင်စီ** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသတို့တွင် ဤဥပဒေအရ ဖွဲ့စည်းထားသော ဒေသဆိုင်ရာအသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီကို ဆိုသည်။

(ဌ) **တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းက ဖွဲ့စည်းတာဝန်ပေးအပ်သည့်အဖွဲ့ကို ဆိုသည်။

(ဍ) **ရန်ပုံငွေ** ဆိုသည်မှာ ဤဥပဒေအရ ထူထောင်ထားသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို ဆိုသည်။

(ဎ) **ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို စီမံခန့်ခွဲသည့်အဖွဲ့ကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ စက်မှုနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို ဆိုသည်။

(တ) **သက်ဆိုင်ရာဝန်ကြီးဌာနများ**ဆိုသည်မှာ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရာတွင် ဆက်စပ်ပါဝင်သော ဝန်ကြီးဌာန များကို ဆိုသည်။

(ထ) **ဦးစီးဌာန**ဆိုသည်မှာ ဝန်ကြီးဌာနက ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သီးခြားဖွဲ့စည်းထားသော ဦးစီးဌာနကို ဆိုသည်။

(ဒ) **ဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတွင် ကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်းဖြစ်စေ၊ ဖွံ့ဖြိုးရေး ဘဏ်လုပ်ငန်းဖြစ်စေ ဆောင်ရွက်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းကိုဆိုသည်။ ယင်းစကားရပ်တွင် လိုင်စင်ရရှိထားသော နိုင်ငံခြားဘဏ်ခွဲတို့လည်း ပါဝင်သည်။

(ဓ) **စွန့်ဦးတီထွင်မှု** ဆိုသည်မှာ စျေးကွက်ဝင်ရောက်ထိုးဖောက်နိုင်ပြီး ပိုမိုအသုံးဝင်သော နည်းပညာ၊ ထုတ်ကုန်ပစ္စည်းများ၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုများကို ဆန်းသစ်တီထွင် ဖန်တီးနိုင်မှု ကို ဆိုသည်။

(န) **မှတ်ပုံတင်ခွင့်ပြုခြင်း** ဆိုသည်မှာ ဤဥပဒေပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရန် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ အေဂျင်စီက မှတ်ပုံတင်ခွင့်ပြုခြင်းကို ဆိုသည်။

(ပ) **အစပျိုးစီးပွားရေးလုပ်ငန်း (Start up Business)** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းစတင်တည်ထောင် သည့်နေ့မှ သက်တမ်းခုနစ်နှစ်အတွင်းရှိသော နည်းပညာကိုအခြေပြုသည့် သို့မဟုတ် ဆန်းသစ် တီထွင်ဖန်တီးမှုကိုအခြေပြုသည့် စီးပွားရေးလုပ်ငန်းများကို ဆိုသည်။

(ဖ) **အွန်လိုင်းကုန်သွယ်မှုစနစ်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုကို ရယူဆောင်ရွက်လိုသည့် စားသုံးသူများထံသို့ အင်တာနက်ကွန်ရက်၊ ဒီဂျစ်တယ်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြု၍ ချိတ်ဆက် ရောင်းဝယ်မှုပြု သည့်စနစ်ကို ဆိုသည်။

(ဗ) **အများနှင့်အကျုံးဝင်သောစီးပွားရေးလုပ်ငန်း**ဆိုသည်မှာ အများပြည်သူအတွက် အသက်မွေးဝမ်း ကျောင်းမှုအခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်သည့် စီးပွားရေးလုပ်ငန်းကို ဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် သတင်းအချက် အလက်များ၊ နည်းပညာအထောက်အကူများ၊ ငွေကြေးပံ့ပိုးမှုများနှင့် အလုပ်အကိုင်ကျွမ်းကျင် မှုများ လွယ်ကူစွာရရှိနိုင်စေရန်၊

(ခ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု များသည် နိုင်ငံတကာစံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေးပြည့်မီပြီး ပြည်တွင်း၊ ပြည်ပ စျေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြင့်မားတိုးတက်စေရန်၊

(ဂ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊

(ဃ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်း ဆိုင်ရာအခက်အခဲများနှင့် အဟန့်အတားများကို လျော့နည်းစေရန်၊

(ဃ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒီဂျစ်တယ် အသုံးပြုမှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြုမှုနှင့် အွန်လိုင်း ကုန်သွယ်မှုစနစ်တို့ ဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးကူညီပေးရန်၊

(၈) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးအတွက် လိုအပ်သောအထောက်အပံ့များ၊ အစီအစဉ်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံ့စီးပွားမြင့်တင်ရေးကို ဆောင်ရွက်နိုင်စေရန်။

အခန်း (၃)
အခြေခံမူများ

၄။ ဤဥပဒေ၏ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လည်း ကောင်း၊ စီးပွားရေးလုပ်ငန်းများ၏ အခက်အခဲများကို လျော့နည်းစေရန်လည်းကောင်း လိုအပ် သည့် အကြံဉာဏ်ပေးခြင်း၊ ဘက္ထာရေးဆိုင်ရာ အထောက်အပံ့ပေးခြင်း၊ ဥပဒေအကြံဉာဏ်ပေး ခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပ စျေးကွက် များတွင် နိုင်ငံတကာစံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေးပြည့်မီသောထုတ်ကုန်များ၊ ဝန်ဆောင် မှုများဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်မှု စွမ်းရည်မြင့်မားရေး ဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံတင်ရသေးသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) အသစ်စတည်မည့် သို့မဟုတ် လက်ရှိဆောင်ရွက်လျက်ရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတင်းအချက်အလက်၊ နည်းပညာနှင့် ငွေကြေးအရင်း အနှီးရရှိစေရန် အထောက်အကူပေးခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဝန်းကျင်တို့အား ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြင့် သယံဇာတအရင်းအမြစ်များ စဉ်ဆက်မပြတ်တိုးတက်ရရှိစေရေး စီမံဆောင်ရွက်စေခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ဆန်းသစ်တီထွင်သည့် ကုန်စည်များထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုများတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု စွမ်းရည် တိုးတက်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ဖြန့်ဝေမှုတို့တွင် ဓော်မီနည်းပညာနှင့် အထောက်အကူပြု ပစ္စည်းများကို လိုက်လျောညီထွေအသုံးပြုရေးဆောင်ရွက်ခြင်း၊

(ဆ) အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အားပေး ခြင်းနှင့် လုပ်ငန်းခွင်သင်တန်းဖွံ့ဖြိုးတိုးတက်လာစေရေး စီမံဆောင်ရွက်ခြင်း၊

(ဈ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အားပေးခြင်း၊

(ည) အများနှင့်အကျုံးဝင်သော စီးပွားရေးလုပ်ငန်းများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ငွေကြေးထောက်ပံ့ခြင်း၊ လိုအပ် သောအကြံဉာဏ်များပေးခြင်းနှင့် မူဝါဒများချမှတ်ခြင်း။

အခန်း (၄)
ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အကာ အကွယ်ပေးရေးဗဟိုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) နိုင်ငံတော်သမ္မတ	ဥက္ကဋ္ဌ
(၂) ဒုတိယသမ္မတများ	ဒုတိယဥက္ကဋ္ဌများ
(၃) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ	အဖွဲ့ဝင်များ
(၄) စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်၊ စီးပွားရေးပညာရှင်၊ အသိပညာရှင်နှင့် အတတ်ပညာရှင်များ	အဖွဲ့ဝင်များ
(၅) ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး	အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် ပုဒ်မခွဲငယ် (၃) နှင့် ပုဒ်မခွဲငယ် (၄) တို့ပါ အဖွဲ့ဝင်များအနက် သင့်လျော်သူအား တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ပေးရမည်။

(ဂ) ဗဟိုကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က) ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ အခြေခံမူများနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးကို ဆောင်ရွက်နိုင်စေရန် မူဝါဒများ ချမှတ် ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေးအင်အားစုများတွင် အချိုးအစားအများဆုံးပါဝင်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဂ) ငွေကြေးအကူအညီနှင့် နည်းပညာအကူအညီများရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်း များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန် လမ်းညွှန်ခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ကျေးလက်ဒေသအထိ ဖွံ့ဖြိုးရေး ကို အားပေးမြှင့်တင်ခြင်း၊

(ဇ) ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းများအတွက် စျေးကွက်ချိတ်ဆက်ရေးလုပ်ငန်း များ ပံ့မှန်ဖြစ်ထွန်းတိုးတက်လာစေရန် စီစဉ်ပေးခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးကို အားပေး မြှင့်တင်ခြင်း၊

(ဆ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကို အကျိုးရှိထိရောက်စွာ အသုံးချရေးနည်းပညာ၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းမှုနည်းပညာများ အသုံးပြုရေးအတွက် လမ်းညွှန်ခြင်းနှင့် ပံ့ပိုးပေးခြင်း၊

(ဈ) တန်ဖိုးဖြင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့်နည်းပညာနှင့် စက်ကိရိယာများ အသုံးပြုရေး အတွက် ဆက်စပ်ညှိနှိုင်းခြင်းနှင့် လမ်းညွှန်ခြင်း၊

(ည) စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာရန် လမ်းညွှန်ခြင်းနှင့် ပံ့ပိုးပေးခြင်း၊

(ဋ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အခြေခံအဆောက် အအုံများ နှင့်အထောက်အကူပြုပစ္စည်းများ လုံလောက်စွာထောက်ပံ့ဖြည့်တင်းနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခြင်း၊

(ဌ) အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် အခြားလိုအပ်သောအဖွဲ့များကို ဖွဲ့စည်းတာဝန် ပေးအပ်ရန် လမ်းညွှန်ခြင်း။

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

အခန်း (၅)

လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၇။ ဗဟိုကော်မတီသည်-

(က) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးလုပ်ငန်းကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) ဒုတိယသမ္မတတစ်ဦး	ဥက္ကဋ္ဌ
(၂) ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး	ဒုတိယဥက္ကဋ္ဌ
(၃) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးများ	အဖွဲ့ဝင်များ
(၄) နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ	အဖွဲ့ဝင်များ
(၅) မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ	အဖွဲ့ဝင်
(၆) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ	အဖွဲ့ဝင်များ
(၇) အသင်းအဖွဲ့များမှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်၊ အသိပညာရှင်နှင့် အတတ်ပညာရှင်များ	အဖွဲ့ဝင်များ

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသောအဖွဲ့ဝင်များအနက် သင့်လျော်သူများကို အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

(ဂ) လုပ်ငန်းကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ အားပေးမြှင့်တင်ဆောင်ရွက်နိုင်ရန် လိုအပ်သောသတင်းအချက်အလက်များကို စုဆောင်းသုံးသပ်ပြီး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်းသဘောသဘာဝအလိုက် ကြုံတွေ့နေရသောအခက်အခဲများ၊ လိုအပ်ချက်များ ကျော်လွှားနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဂ) ဈေးကွက်များချဲ့ထွင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ စီးပွားရေးဈေးကွက်များနှင့် ကျယ်ပြန့်စွာ ချိတ်ဆက်နိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) ကျွမ်းကျင်လုပ်သားများ လိုအပ်ချက်ပြည့်မီအောင် လေ့ကျင့်ပျိုးထောင်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(င) နည်းပညာလိုအပ်ချက်များအတွက် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက်၍ ပညာပေးမြှင့်တင်ခြင်း၊

(စ) ပြည်တွင်း၊ ပြည်ပမှ ငွေကြေးအကူအညီများ ရယူနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရ သို့မဟုတ် ပုဂ္ဂလိကငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဘဏ်များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အသေးစားငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ဇ) နည်းပညာနှင့် စီးပွားရေးဆိုင်ရာ အကြံပြုချက်များရယူရန် ပြည်တွင်း၊ ပြည်ပ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ရရှိလာသောအကြံပြုချက်များကို သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းများသို့ ဖြန့်ဖြူးခြင်း၊

(ဈ) စွန့်ဦးတီထွင်မှုကို သက်ဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ပံ့ပိုးကူညီနိုင်ရေး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ည) သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများရှိ နည်းပညာဆိုင်ရာ သုတေသနဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

(ဋ) ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့တို့ကို ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဌ) လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကို ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဍ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့ခွဲဝေမှုရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဎ) ဒေသအသီးသီးရှိ ထုတ်လုပ်မှုကဏ္ဍများနှင့် ရောင်းဝယ်မှုကဏ္ဍများအား အချင်းချင်းချိတ်ဆက်မှုဖြစ်လာစေရန် စီမံဆောင်ရွက်ပေးခြင်း၊

(ဏ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

အခန်း (၆)

အေဂျင်စီနှင့် ဒေသဆိုင်ရာအေဂျင်စီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးဦးဆောင်စေပြီး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဌာနအကြီးအမှုဆောင်များ၊ အသင်းအဖွဲ့များမှ သင့်လျော်သည့်ကိုယ်စားလှယ်များ၊ ပညာရှင်များပါဝင်သည့် အေဂျင်စီကို သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းရမည်။

၁၀။ ဝန်ကြီးဌာနသည် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများဆောင်ရွက်ရန်နှင့် အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို တာဝန်ခံဆောင်ရွက်ရန် ဦးစီးဌာန သီးခြားဖွဲ့စည်းရမည်။ အဆိုပါဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် အေဂျင်စီ၏အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၁၁။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် နှစ်ပတ်လည်တိုးတက်မှု အစီရင်ခံစာကို လုပ်ငန်းကော်မတီမှ တစ်ဆင့် ဗဟိုကော်မတီသို့ တင်သွင်းခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းသဘောသဘာဝအလိုက် ကြုံတွေ့နေရသောအခက်အခဲများ၊ လိုအပ်ချက်များကို လျော့နည်းစေရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို လိုအပ်သည့် ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ဒေသဆိုင်ရာအေဂျင်စီရုံးခွဲများ တည်ထောင်ခြင်းနှင့် တစ်နေရာတည်း ဝန်ဆောင်မှုပေးသည့်အဖွဲ့များ တည်ထောင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ဥပဒေပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအကြံဉာဏ်ပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် သင်တန်းများပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ တည်ထောင်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ဘဏ်များနှင့်ပူးပေါင်းလျက် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့မှု တိုးမြှင့်ရရှိစေရေးအတွက် ငွေကြေးမဟုတ်သောဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်း၊

(ဈ) စွန့်ဦးတီထွင်မှုကို သက်ဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ပံ့ပိုးကူညီနိုင်ရေး လုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊

(ည) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများပူးပေါင်း၍ စီးပွားရေးကွန်ရက်များတည်ထောင်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ဋ) တီထွင်ကြံဆမှုနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးကို မြှင့်တင်နိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အချင်းချင်းယှဉ်ပြိုင်ဆောင်ရွက်မှုကို တွန်းအားပေးခြင်း၊ ကုန်စည်နှင့် နည်းပညာပြပွဲများ ကျင်းပပေးခြင်း၊

(ဌ) လုပ်ငန်းကြီးများက ဈေးကွက်လက်ဝါးကြီးအုပ်ခြင်းမပြုရန် ကာကွယ်ခြင်း၊

(ဍ) လုပ်ငန်းကြီးများက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဈေးကွက်အတွင်းသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိစေရန် ကာကွယ်ခြင်း၊

(ဎ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သော အငြင်းပွားမှုများကို အကြံပေးခြင်း၊ ညှိနှိုင်းဖျန်ဖြေပေးခြင်းနှင့် ဖြေရှင်းနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဏ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်သော အဖွဲ့အစည်းများက ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများအပေါ် အကျိုးအမြတ်ခွဲဝေရာတွင် တစ်ဖက်သတ်ဆုံးဖြတ်ခြင်း၊ လျှို့ဝှက်သဘောတူညီချက်များဖြင့် ဈေးကွက်ကန့်သတ်ခြင်းနှင့် မမျှတသော စာချုပ်ပါ စည်းကမ်းချက်များအား အတင်းအကျပ်လက်ခံစေခြင်း မပြုနိုင်ရေး ကာကွယ်ခြင်း၊

(တ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ ဥပဒေအတိုင်ပင်ခံ အဖွဲ့အစည်းများ၊ လုပ်ငန်းထူထောင်ရေး အတိုင်ပင်ခံဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်နိုင်ရေး အတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ထ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများနှင့်သက်ဆိုင်သည့် ကိန်းဂဏန်းဆိုင်ရာ စာရင်းများကို ကောက်ယူခြင်း၊အဆင့်ဆင့်စစ်ဆေးခြင်း၊ မှတ်တမ်းတင်ထားရှိခြင်းနှင့် အသုံးပြုခြင်း၊

(ဒ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခွင့်ပြုခြင်းနှင့် မှတ်ပုံတင်သက်တမ်း သတ်မှတ်ပေးခြင်း၊

(ဓ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊

(န) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများ ဖော်ဆောင်ရန်အတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အကြံဉာဏ်ရယူခြင်း၊

(ပ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းတစ်မျိုးမျိုးသည် အသေးစားစီးပွားရေးလုပ်ငန်းအမျိုးအစားမှ အငယ်စားစီးပွားရေးလုပ်ငန်း အမျိုးအစားသို့ဖြစ်စေ၊ အငယ်စားစီးပွားရေးလုပ်ငန်းအမျိုးအစားမှ အလတ်စားစီးပွားရေးလုပ်ငန်းအမျိုးအစားသို့ ဖြစ်စေ ပြောင်းလဲဖြစ်ပေါ်တိုးတက်သည့်နေ့မှစ၍ သုံးနှစ်အထိ မူလစီးပွားရေးလုပ်ငန်း၏ အဆင့်အတန်းကို ထိန်းသိမ်းထားရှိခြင်း၊

(ဖ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်များ ကြီးထွားလာစေရေး၊ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီးပွားရေးအဆင့်အတန်း တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် ဒီဂျစ်တယ်အသွင်ကူးပြောင်းဆောင်ရွက်ရန် ပြည်တွင်း၊ ပြည်ပနည်းပညာဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ အကြံဉာဏ်ရယူခြင်းနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဗ) အွန်လိုင်းပလက်ဖောင်း သို့မဟုတ် ဒီဂျစ်တယ်ဈေးကွက်များက ငင်းတို့၏ ဒီဂျစ်တယ်ပလက်ဖောင်းပေါ်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အရောင်းအဝယ် အချက်အလက်များအား အလွဲသုံးစားပြု၍ ကိုယ်ပိုင်အကျိုးစီးပွားအတွက် အသုံးမပြုနိုင်ရေးနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုပေးသူများက ကောက်ခံသည့်ဝန်ဆောင်ခများအား အလွန်အကျွံမဖြစ်စေရေး ကာကွယ်ခြင်း၊

(ဘ) အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ တီထွင်ဖန်တီးမှု၊ လုပ်ငန်းလျှို့ဝှက်ချက်နှင့် မိမိုးဖလာအသိပညာများအား ခိုးယူခြင်း သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ အတုအပပြုလုပ်ခြင်းတို့မှ ကာကွယ်ပေးနိုင်ရေး သက်ဆိုင်ရာနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း။ *စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

၁၂။ (က) အောက်စီးသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဆိုင်ရာ အောက္ခစီမံများအား သင့်လျော်သောဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

(ခ) ဒေသဆိုင်ရာအောက္ခစီမံသည် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို တာဝန်ခံရမည်။

အခန်း (၇)

ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၃။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီက ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်သူအပါအဝင် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ကို ဗဟိုကော်မတီ၏ သဘောတူညီချက်ရယူပြီး သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းရမည်။

၁၄။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အလို့ငှာ အတိုးသက်သာသော ချေးငွေများရရှိနိုင်ရေး နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားနိုင်ရန် လုပ်ငန်းကော်မတီသို့ တွက်ချက်တင်ပြခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြုကိစ္စရပ်များတွင် အသုံးပြုနိုင်ရန် အသုံးစရိတ်အား လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရန်ပုံငွေမှ ထည့်ဝင်ငွေ၊ ပြည်တွင်း၊ ပြည်ပငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ အကူအညီရရှိငွေ၊ အလှူရှင်များ လှူဒါန်းငွေနှင့် အခြားရရှိငွေများဖြင့် ထူထောင်ထားရှိခြင်း၊

(ဃ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသော စည်းမျဉ်းနှင့်အညီ ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ဌာနတွင်းစာရင်းစစ်ဆေးမှုခံယူခြင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကို ခံယူခြင်း၊

(င) ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နေသော အဖွဲ့အစည်းများကို မှတ်ပုံတင်ခွင့်ပြုထားသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းလုပ်ဆောင်နိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ အတိုးသက်သာစွာ ထုတ်ချေးပေးသော အထူးချေးငွေတစ်ရပ်ရပ်ကို သော်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပဘဏ်များ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများမှ အတိုးမဲ့ဖြစ်စေ၊ သက်သာသည့်အတိုးနှုန်းဖြင့်ဖြစ်စေ ထုတ်ချေးပေးသော ချေးငွေတစ်ရပ်ရပ်ကိုလည်းကောင်းရရှိနိုင်ရန် မှတ်ပုံတင်ခွင့်ပြုထားသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား သက်ဆိုင်ရာဘဏ်များနှင့် ချိတ်ဆက်ပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ရန်ပုံငွေ၏ ချေးငွေမဟုတ်သည့်ငွေကို ကျခံသုံးစွဲခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား သာမန်ချေးငွေ၊ အတိုးနှုန်းသက်သာသော ချေးငွေ၊ အတိုးမဲ့ချေးငွေရရှိရန်နှင့်ပြန်လည်ပေးဆပ်ရန်မလိုသော အကူအညီငွေများ ထောက်ပံ့ပေးနိုင်ရန် ချေးငွေဆိုင်ရာ သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊

(ဈ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ငွေချေးရာတွင် ဆုံးရှုံးမှုများကာကွယ်နိုင်ရန်အတွက် သက်ဆိုင်ရာတည်ဆဲဥပဒေအရ လုပ်ငန်းလိုင်စင်ရရှိထားသော ချေးငွေအာမခံကုမ္ပဏီများ၊ ချေးငွေအာမခံကော်ပိုရေးရှင်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။`

၁၅။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် ငွေကြေးဆိုင်ရာကိစ္စများကို ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပါပြဋ္ဌာန်းချက်များ၊ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဘဏ္ဍာရေးနှင့်အခွန်စံနှုန်းများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ရမည်။

အခန်း (၈)

လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၆။ လုပ်ငန်းကော်မတီသည် သင့်လျော်သောပုဂ္ဂိုလ်များပါဝင်သည့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ကို ဗဟိုကော်မတီ၏ သဘောတူညီချက်ရယူပြီး သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းရမည်။

၁၇။ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ပကတိအခြေအနေ၊ လိုအပ်ချက်များနှင့် အခက်အခဲများကို လေ့လာသုံးသပ်ခြင်း၊

(ခ) အောက္ခစီမံနှင့် ဒေသဆိုင်ရာအောက္ခစီမံများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို သုံးသပ်ခြင်း၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ သင်တန်းကျောင်းများ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို သုံးသပ်ခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ သဘာဝဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများကို ဆန်းစစ်သုံးသပ်ခြင်း၊

(င) ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ဆန်းစစ်သုံးသပ်၍ မိမိနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် သုံးသပ်ခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် ပါဝင်မှု၊ ပြည်ပသို့တင်ပို့မှုနှင့် ပြည်ပမှ တင်သွင်းမှုများအပေါ် သုံးသပ်ခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တည်ထောင်ချိန်မှစ၍ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအား နှစ်စဉ်ဘဏ္ဍာနှစ်အတွင်း ဆန်းစစ်လေ့လာသုံးသပ်ခြင်း၊

(ဇ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့် အနိမ့်ဆုံးလုပ်ခလစာ၊ လုပ်ငန်းအမျိုးအစားအလိုက် ရင်းနှီးမြှုပ်နှံမှုများနှင့် ထုတ်ကုန်များ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် အလုပ်အကိုင်ရရှိမှုများကို စီစစ်သုံးသပ်ခြင်း၊

(ဈ) ပုဒ်မခွဲ (က) မှ (ဇ) အထိ သုံးသပ်ချက်များနှင့် သက်ဆိုင်သည့် နှစ်စဉ်အစီရင်ခံစာများကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့တင်သွင်းခြင်းနှင့် အများပြည်သူသိရှိနိုင်စေရန် အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း။

အခန်း (၉)

တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် တစ်နေရာတည်း၌ ဝန်ဆောင်မှုပေးသည့်အဖွဲ့ကို သက်ဆိုင်ရာဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းက ဖွဲ့စည်းပေးရမည်။

၁၉။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်ကို ဆောင်ရွက်နိုင်စွမ်းရှိသော ဝန်ထမ်းများအား လုပ်ပိုင်ခွင့် အခွင့်အာဏာများပေးအပ်၍ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့များတွင် ပူးတွဲတာဝန်ပေးရမည်။

၂၀။ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ထမ်းများသည် ဒေသဆိုင်ရာအောက္ခစီမံနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

အခန်း (၁၀)

သတင်းအချက်အလက် စုဆောင်းထိန်းသိမ်းခြင်းနှင့် ထုတ်ပြန်ခြင်း

၂၁။ အောက္ခစီမံသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ကောက်ယူခြင်း၊ မှတ်တမ်းတင်ထားရှိခြင်း၊ လိုအပ်ချက်နှင့်အညီ အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည်-

(က) စွေးကွက်၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသတင်းအချက်အလက်များကို ကွန်ရက်စနစ်များဖြင့် ပံ့ပိုးပေးခြင်းနှင့် သတင်းဓါဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးခြင်း၊

(ခ) ပြည်တွင်းနှင့် နိုင်ငံတကာစွေးကွက်ဆိုင်ရာ သတင်းအချက်အလက်နှင့် အကြံပေးဌာနများ ထူထောင်ဖွင့်လှစ်ခြင်း၊

(ဂ) ပြည်တွင်း၊ ပြည်ပ ဝယ်ယူသူနှင့် ရောင်းချသူများအတွက် အွန်လိုင်းကုန်သွယ်မှုစနစ် ဖွံ့ဖြိုးစေရန် သက်ဆိုင်ရာဌာနများမှ သတင်းအချက်အလက်များ ရယူပံ့ပိုးပေးခြင်း။

အခန်း (၁၁)

လူမှုစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ပံ့ပိုးဆောင်ရွက်ပေးခြင်း

၂၂။ အောက္ခစီမံသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းအားနှင့် ယှဉ်ပြိုင်နိုင်မှုမြှင့်တင်နိုင်ရေးတို့အတွက် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည်-

(က) သင့်လျော်သည့် နည်းပညာများကို သုတေသနပြု ရှာဖွေဖော်ထုတ်လွှဲပြောင်းပေးခြင်း၊

(ခ) ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာအကြံဉာဏ်များပေးခြင်းနှင့် ခေတ်မီစက်ကိရိယာများကို အသုံးပြုနိုင်စေရန် လေ့ကျင့်ပညာပေးခြင်း၊

(ဂ) ထုတ်ကုန်များ၏ အရည်အသွေးကို စစ်ဆေးပေးမည့် ဓာတ်ခွဲခန်းများတည်ထောင်မှုကို အားပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအကြား နည်းပညာပူးပေါင်းဖလှယ်ခြင်း၊

(င) တီထွင်ဖန်တီးမှု စွမ်းရည်မြှင့်တင်နိုင်ရန် ပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်အလိုက် ထိုက်တန်သောချီးမြှောက်မှုများ စီစဉ်ပေးခြင်း၊

(စ) သုတေသနလုပ်ငန်းများမှ ရရှိလာသည့် နည်းပညာသစ်များကို စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် အထောက်အပံ့များပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များကို ဆောင်ရွက်ခြင်းနှင့် လူမှုစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များတွင် ပံ့ပိုးကူညီဆောင်ရွက်ခြင်း။

အခန်း (၁၂)

သုတေသနလုပ်ငန်းများဆိုင်ရာ ဆောင်ရွက်ခြင်းနှင့် နည်းပညာများလွှဲပြောင်းပေးခြင်း

၂၃။ အောက္ခစီမံသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးရမည်-

(က) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ စွန့်ဦးတီထွင်မှုများ ပေါ်ထွန်းလာရေး သုတေသနလုပ်ငန်းများမှ နည်းပညာအသစ်များရရှိစေရန် တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးခြင်း၊

(ခ) သုတေသနလုပ်ငန်းများမှရရှိသော နည်းပညာအသစ်များကို စီးပွားဖြစ်အကောင်အထည်ဖော်နိုင်ရေး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဂ) သုတေသနလုပ်ငန်းများအတွက် လိုအပ်သော အဆင့်မြင့်ဓာတ်ခွဲခန်းများ၊ ကိရိယာများ၊ လူမှုစွမ်းအားအရင်းအမြစ်များနှင့် သင်တန်းများကို ပံ့ပိုးပေးခြင်း၊

(ဃ) သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန် သုတေသနကွန်ရက်ပလက်ဖောင်းများ၊ သုတေသနဌာနများ ဖွဲ့စည်းတည်ထောင်ပြီး နည်းပညာ၊ ဗဟုသုတများနှင့် အတွေ့အကြုံများဖလှယ်နိုင်ရေး ပံ့ပိုးပေးခြင်း၊

(င) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် နည်းပညာနှင့် သုတေသနဆိုင်ရာ အကြံပေးဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွန်းလာစေရေး ဆောင်ရွက်ခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများက နည်းပညာသစ်များ အသုံးပြု၍ စွေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲလိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးခြင်း။

စာမျက်နှာ ၆ သို့

စာမျက်နှာ ၅ မှ

အခန်း (၁၃)

ပြည်တွင်း၊ ပြည်ပ ဈေးကွက်များ ရှာဖွေချိတ်ဆက်ပေးခြင်း

၂၄။ အေဂျင်စီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဈေးကွက် ဖြင့်တင်ရေးအတွက် အောက်ပါတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည်-

(က) ပို့ကုန်ဦးစားပေး လုပ်ငန်းဆောင်ရွက်မှုများကို အားပေးခြင်း၊

(ခ) နိုင်ငံတကာဈေးကွက်များ၏ ကျင့်ဝတ်နှင့်စည်းမျဉ်းများကို စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ သိရှိကျွမ်းဝင်စေခြင်း၊

(ဂ) ဈေးကွက်ဝင်ရောက်ထိုးဖောက်ရေးနှင့် ဈေးကွက်ဝေစုများ ရရှိစေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း။

အခန်း (၁၄)

အခွန်အကောက်ဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆောင်ရွက်ပေးခြင်း

၂၅။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ယှဉ်ပြိုင်နိုင်မှု စွမ်းရည်ရှိစေရန် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ အကြံပြုတင်ပြရမည်-

(က) သုတေသနပြုပြီး တီထွင်ဆန်းသစ်သောကုန်ပစ္စည်းအသစ် ထုတ်လုပ်ခြင်း၊

(ခ) စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျနေသော ဒေသတစ်ခုခုရှိ သတ်မှတ်ထားသော ဦးစားပေးစာရင်းဝင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) ဘေးထွက်ပစ္စည်းများနှင့် အလေ့အလွင့်ပစ္စည်းများကို ပြန်လည်အသုံးပြု၍ ကုန်ခြောအမျိုးအစားအသစ် ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကို အကျိုးရှိထိရောက်စွာအသုံးချရေးနှင့် ပြန်လည်သုံးစွဲရေးတို့အတွက် အလုပ်ရုံအတွင်း ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) စွန့်ဦးတီထွင်မှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဆ) အစပျိုးစီးပွားရေးလုပ်ငန်းများ လုပ်ငန်းစတင်နိုင်ရန် ဆောင်ရွက်ခြင်း။

၂၆။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ပုဒ်မ ၂၅ အရ တင်ပြချက်ကို လက်ခံရရှိပါက လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းအမျိုးအစားအလိုက် အခွန်ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းကို အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ခံစားခွင့်ရရှိနိုင်ရေး လိုအပ်သလို ဆောင်ရွက်ပေးရမည်။

အခန်း (၁၅)

စွန့်ဦးတီထွင်မှု၊ စွန့်ဦးတီထွင်ပညာရေးနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးဆောင်ရွက်ခြင်း

၂၇။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ စွန့်ဦးတီထွင်မှုများ ဖွံ့ဖြိုးလာစေရေး အတွက် အောက်ပါတို့ကို ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ ပံ့ပိုးဆောင်ရွက်ပေးရမည်-

(က) စက်ရုံများ တည်ထောင်ရန်မြေ သို့မဟုတ် လုပ်ငန်းနေရာကို သက်သာသည့် နှုန်းထားဖြင့် ငှားရမ်းပေးခြင်း၊

(ခ) လုပ်ငန်းထူထောင်ရေး အတိုင်ပင်ခံဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်နိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊ အခက်အခဲများကို အကြံပြုဖြေရှင်းပေးခြင်း၊

(ဂ) စွန့်ဦးတီထွင်မှုရှိသည့်လုပ်ငန်းများအချင်းချင်း အကျိုးတူကုန်ထုတ်လုပ်ငန်းများ ဖွဲ့စည်းတည်ထောင်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဃ) စွန့်ဦးတီထွင်မှုဆိုင်ရာ သင်ရိုးညွှန်းတမ်းများ အခြေခံပညာကျောင်းများတွင် ထည့်သွင်းသင်ကြားနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) စွန့်ဦးတီထွင်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ရေးဆွဲပံ့ပိုးပေးခြင်း၊

(စ) စွန့်ဦးတီထွင်သည့် ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ ပေါ်ထွန်းလာစေရေးနှင့် ဈေးကွက်ဝင်ရောက်နိုင်ရေး ပံ့ပိုးကူညီခြင်း၊

(ဆ) စွန့်ဦးတီထွင်မှုနှင့် ဆန်းသစ်တီထွင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပတ်ဝန်းကျင်ကောင်းများဖန်တီးပေးခြင်း၊ အသိပညာပေးခြင်းနှင့်ကွန်ရက်ချိတ်ဆက်မှုများ ဖြစ်ထွန်းလာစေခြင်းတို့ကို ဆောင်ရွက်ပေးခြင်း၊

(ဇ) စွန့်ဦးတီထွင်မှုကို သက်ဆိုင်ရာဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လွယ်ကူသက်သာစေရေးအတွက် လုပ်ငန်းကော်မတီသို့ တင်ပြပေးခြင်း။

အခန်း (၁၆)

အစပျိုးစီးပွားရေးလုပ်ငန်းများ လုပ်ငန်းစတင်နိုင်ရန် ပံ့ပိုးခြင်း

၂၈။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏လမ်းညွှန်မှုနှင့်အညီ အစပျိုးစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တီထွင်ဆန်းသစ်၍ စီးပွားရေးအရ အလားအလာကောင်းသော လုပ်ငန်းသစ်များ ပေါ်ပေါက်လာစေရန် အောက်ပါတို့ကို ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ပံ့ပိုးဆောင်ရွက်ပေးရမည် -

(က) အစိုးရ သို့မဟုတ် ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများမှ ပံ့ပိုးပေးသော ဝန်ဆောင်မှု ရုံးခန်းနေရာ၊ ပစ္စည်းကိရိယာများကို တစ်စိတ်တစ်ဒေသ သို့မဟုတ် အပြည့်အဝအသုံးပြုခွင့်ပေးခြင်း၊

(ခ) အစိုးရ သို့မဟုတ် ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အစပျိုးစီးပွားရေးလုပ်ငန်းများ ပြုစုပျိုးထောင်ပေးသည့် စင်တာများ တည်ထောင်ပြီး အစပျိုးစီးပွားရေးလုပ်ငန်းများအား ပံ့ပိုးပေးခြင်း၊

(ဂ) အစပျိုးစီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များကို ရေးဆွဲခြင်း၊

(ဃ) အစပျိုးစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရှင်သန်ရပ်တည်နိုင်စေရန် သက်ဆိုင်ရာဥပဒေများနှင့်အညီ အကာအကွယ်ပေးခြင်း၊

(င) အကျိုးတူရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေရရှိစေရန်ဖြစ်စေ၊ လုပ်ငန်းသစ်စတင်ရန် ရင်းနှီးမြှုပ်နှံမှု ရရှိစေရန်ဖြစ်စေ ဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများမှတစ်ဆင့် ရင်းနှီးငွေထောက်ပံ့မှု ရရှိစေခြင်း၊

(စ) အစပျိုးစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးငွေပံ့ပိုးပေးသော ရင်းနှီးမြှုပ်နှံသူများ၊ ဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများအား အခွန်သက်သာခွင့်များ သို့မဟုတ် လုပ်ထုံးလုပ်နည်း ဖြေလျှော့ပေးမှုများ သို့မဟုတ် အခြားအလားတူ သက်သာခွင့်များ ခံစားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဆ) အစပျိုးစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေပံ့ပိုးပေးခြင်း။

အခန်း (၁၇)

စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၏ အခန်းကဏ္ဍ

၂၉။ စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့သည် ဤဥပဒေ၏ အခြေခံမူများကို လိုက်နာဆောင်ရွက်နိုင်စေရန် ဗဟိုကော်မတီ၊ အခြားဆက်စပ်သည့်အဖွဲ့အစည်းများနှင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၃၀။ စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့သည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ကြီးထွားလာစေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယင်းတို့၏ စီးပွားရေး အဆင့်အတန်း တိုးတက်ဖြစ်ထွန်းလာစေရေးတို့အတွက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်ရမည်။

အခန်း(၁၈)

စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်နှင့် အခွင့်အရေး

၃၁။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်း၊

(ခ) စီးပွားရေး သို့မဟုတ် လုမှုပတ်ဝန်းကျင် ပြောင်းလဲဖြစ်ပေါ်မှုများကို တုံ့ပြန်နိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီမံခန့်ခွဲမှုပုံစံနှင့် တိုးတက်သော နည်းပညာများကို လွတ်လပ်စွာ ပြောင်းလဲဆောင်ရွက်ခြင်း၊

(က-၇) Naresuan University (NU) – နာရေဆွမ် တက္ကသိုလ်

- တည်နေရာ – ဖစ်ဆာနူလောဂ်မြို့၊
- ဆက်စပ်ဘာသာရပ်များ – စိုက်ပျိုးရေးသိပ္ပံ၊ ဇီဝနည်းပညာ၊ အစားအစာ နည်းပညာနှင့် သဘာဝသယံဇာတ။
- Website – https://www.nu.ac.th/

(ခ) စိုက်ပျိုးရေးနှင့် သက်ဆိုင်သော ဘာသာရပ်များ သင်ကြားပေးသည့် အခြားတက္ကသိုလ်များ

တက္ကသိုလ်	တည်နေရာ	အဓိကဆက်စပ်ဘာသာရပ်များ
Suranaree University of Technology	နခွန်ရတ်ချဘီမာ	စိုက်ပျိုးရေးနည်းပညာ၊ မွေးမြူရေး၊ အစားအစာနည်းပညာ
Thammasat University	ပထုမ်ဌာနီ	စိုက်ပျိုးရေးဆန်းသစ်တီထွင်မှု၊ ဇီဝနည်းပညာ
Silpakorn University	နခွန်ပထုမ်	ဇီဝနည်းပညာ၊ အစားအစာသိပ္ပံ
Rajamangala University of Technology Thanyaburi	ပထုမ်ဌာနီ	စိုက်ပျိုးရေးနည်းပညာ အင်ဂျင်နီယာ
Rajamangala University of Technology Isan	ခွန်ရတ်ချဘီမာ	စိုက်ပျိုးရေးအင်ဂျင်နီယာ၊ စက်မှုလယ်ယာ

အထက်ပါ တက္ကသိုလ်အားလုံးတွင် သီးခြား စိုက်ပျိုးရေးမဟာဌာန မရှိဘဲ စိုက်ပျိုးရေးနှင့် ဆက်စပ်သော ဘာသာရပ်များကို နည်းပညာ၊ အင်ဂျင်နီယာ၊ သိပ္ပံနှင့် အစားအစာဆိုင်ရာ ဌာနများမှ သင်ကြားပို့ချခြင်းဖြစ်ပါသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ စိုက်ပျိုးရေးဆိုင်ရာ အဆင့်မြင့်ပညာရေး သမိုင်းကြောင်း နှိုင်းယှဉ်လေ့လာခြင်း

ဤအကြောင်းအရာသည် အရှေ့တောင်အာရှ နိုင်ငံများ၏ စိုက်ပျိုးရေးပညာရေး၊ စိုက်ပျိုးရေးသုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နှိုင်းယှဉ်လေ့လာရာတွင် အလွန်စိတ်ဝင်စားဖွယ်ကောင်းသော သမိုင်းကြောင်းတစ်ခုဖြစ်ပါသည်။

အဓိကတွေ့ရှိချက်မှာ ထိုင်းနိုင်ငံသည် စိုက်ပျိုးရေးပညာရေးကို မြန်မာနိုင်ငံထက် စောစီးစွာ စတင်ခဲ့သော်လည်း မြန်မာနိုင်ငံသည် ၁၉၂၄ ခုနှစ်တွင် မန္တလေး၌ စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဌာနကို ထူထောင်ခဲ့ပြီး ထိုင်းနိုင်ငံ၏ ကဆက်ဆတ်တက္ကသိုလ် (ထိုင်းဘာသာဖြင့် ကဆက်-စိုက်ပျိုးရေး Kaset – Agriculture) ကို ၁၉၄၃ ခုနှစ်တွင်မှ တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။

ဤနိုင်းယှဉ်လေ့လာမှုတွင် အောက်ပါအချက်သုံးချက်ကို ခွဲခြားကြည့်ရှုရန် လိုအပ်ပါသည် -

၁။ စိုက်ပျိုးရေးသင်တန်းကျောင်းများနှင့် နည်းပညာဆိုင်ရာပညာရေး စတင်တည်ထောင်ခြင်း၊

၂။ တက္ကသိုလ်အဆင့် စိုက်ပျိုးရေးပညာရေးနှင့် ဘွဲ့သင်တန်းများ စတင်ဖွင့်လှစ်ခြင်း၊

၃။ စိုက်ပျိုးရေးတက္ကသိုလ်များနှင့် စနစ်တကျ ဖွဲ့စည်းထားသော စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ ထူထောင်ခြင်း စသည်တို့ပါဝင်ပါသည်။

စာရေးသူ၏အတွေး

ထိုင်းနိုင်ငံ စိုက်ပျိုးမွေးမြူရေး အဆင့်မြင့်ပညာသင်ကြားရေးနှင့် သုတေသနတို့မှာ စာရေးသူတို့ နိုင်ငံ သင်ကြားရေးနှင့် သုတေသနတို့နှင့်ကွာခြားမှု သိပ်မရှိသော်လည်း စိုက်ပျိုးသီးနှံများ (ဥပမာ - တစ်နှစ်အောက်ကြာ ရိတ်သိမ်းဆွတ်ခူးရသော သီးနှံ-စပါး၊ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ နှစ်ရှည်သီးနှံ - ရော်ဘာ၊ ဆီအုန်း၊ သရက်၊ လိမ္မော်၊ ထောပတ်စသည်)၊ မွေးမြူထားသော တိရစ္ဆာန်နှင့် ငါး၊ ပုစွန်လုပ်ငန်းတို့သည် တောင်ပေါ်၊ မြေပြန့်၊ ရေချို၊ ရေငန်ဒေသ၊ မြေအမျိုးအစား ကွဲပြားသောဂေဟဗေဒအခြေအနေနှင့် ရာသီဥတု (Diverse Ecology and Climate) အလိုက် ကွာခြားနေ၍ ထိုင်းနိုင်ငံနေရာဒေသ၊ မြို့၊ ပြည်နယ်အသီးသီးတွင် စိုက်ပျိုးမွေးမြူရေး ပညာသင်ကြား၊ သုတေသနပြုနေသော တက္ကသိုလ်၊ ကောလိပ်များ ရှိနေခြင်းပင်ဖြစ်ပါသည်။

အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်၊ အိန္ဒိယ၊ တရုတ်နိုင်ငံတို့တွင်လည်း နေရာ၊ ဒေသ အသီးသီးတွင် စိုက်ပျိုးမွေးမြူရေးပညာ သင်ကြား၊ သုတေသနပြုနေသော တက္ကသိုလ်အသီးသီးရှိနေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖြိုင်အဆိုင် သူ့ထက်ငါ သာအောင် ကြိုးစားလျက်ရှိနေပါသည်။

စာရေးသူတို့ နောက်မကျသေးပါ၊ အဓိလိုက်ရပါမည်။ ။

❖ ထိုင်းနိုင်ငံရှိ တက္ကသိုလ်များသည် နိုင်ငံတကာတက္ကသိုလ်များနည်းတူ ဘာသာရပ်စုံ သင်ကြားပေးနေသော တက္ကသိုလ်များဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါလုပ်ငန်းများမှတစ်ဆင့် အရေးပါသော အထောက်အပံ့များပေးလျက်ရှိ

❖ မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေး အဆင့်မြင့်ပညာရေးစနစ်နှင့် စိုက်ပျိုးရေးသုတေသနစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ထိုင်းနိုင်ငံ၏ အတွေ့အကြုံများက လေ့လာအတုယူဖွယ်ရာများဖြစ်

လွိုင်ကော်မြို့၌ Polytechnic University (Loikaw) အဖြစ် ပြောင်းလဲဖွင့်လှစ်မည့် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



လွိုင်ကော် နိုဝင်ဘာ ၂၁

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လွိုင်ကော်မြို့ကို မြို့တော်အင်္ဂါရပ်နှင့်အညီ စိမ်းလန်းသောမြို့၊ သန့်ရှင်းသောမြို့ဖြစ်စေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ Polytechnic University (Loikaw) အဖြစ် ပြောင်းလဲဖွင့်လှစ်မည့် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)၌ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများစုပေါင်း၍ ကျောင်းပတ်ဝန်းကျင်တွင် ချုံမြက်များရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်နှင့် တာဝန်ရှိသူများသည် နောင်ယား(က)ရပ်ကွက် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းနှင့် Polytechnic University (Loikaw) အဖြစ် ပြောင်းလဲဖွင့်လှစ်မည့် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)သို့ သွားရောက်၍ ကျောင်းဝင်းအတွင်း ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းသန့်ရှင်းရေးပြုလုပ်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းဥပမရုပ်ကောင်းမွန်စေရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ ပန်ကန်းကျေးရွာအုပ်စု စိုက်ကွင်း(၃)ကျေးရွာရှိ အကြမ်းဖက်သမားများကြောင့် ထိခိုက်ပျက်စီးသွားခဲ့သည့် ဧမောန္တလန်စခန်းခြင်း ဘုရားကျောင်း သို့သွားရောက်၍ ပြန်လည်ပြုပြင်ရန် လိုအပ်သည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျေးရွာရှိ ဘာသာဝင်များ ဝတ်ပြုဆုတောင်းနိုင်ရေး၊ ဘာသာရေးပွဲများနှင့် အခမ်းအနားများ ပြန်လည်ကျင်းပနိုင်ရေးအတွက် အသင်းဗိမာန်တော်နှင့် ဆက်စပ်အဆောက်အအုံများကို ပြုပြင်နိုင်ရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

တတိယအကြိမ် ရခိုင်ပြည်နယ်လွတ်တော် အရေးပေါ်အစည်းအဝေးကျင်းပ



စစ်တွေ နိုဝင်ဘာ ၂၁

တတိယအကြိမ် ရခိုင်ပြည်နယ်လွတ်တော် အရေးပေါ်အစည်းအဝေး (ပထမနေ့)ကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ထင်လင်းဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များဆိုင်ရာ လေ့လာသုံးသပ်ရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ် အစိုးရအဖွဲ့က တင်သွင်းသည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းကာ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ နှစ်ဝက် ပထမ(၆)လပတ် အစီရင်ခံစာအား လွှတ်တော်သို့တင်သွင်းပြီး ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာကာ တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(ပထမနေ့)ကို ရပ်နားခဲ့ကြောင်း သိရသည်။ တင်ထွန်း (ပြန်/ဆက်)

တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဆက်လက်ကျင်းပ

အများပြည်သူရုံးပိတ်ရက်ဖြစ်၍ လာရောက်ကြည့်ရှုအားပေးသူများဖြင့် အထူးစည်ကားများပြား



တောင်ကြီး နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ် တောင်ကြီးမြို့ကောင်းကင်ယံတွင် ရှမ်းအိုးစည်သံများ၊ ညမီးကြိုးမီးပုံးပျံမှ မီးရှူးမီးပန်းများဖြင့် လှပဝေဆာနေသည်။ ဟေမန်ဆောင်းရာသီပီပီ တောင်ကြီးမြို့တွင် အအေးဓာတ်ပိုမို လွမ်းခြုံနေသော်လည်း တောင်ကြီး မြို့ခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများက တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲကို နေ့စဉ် စည်ကားသိုက်မြိုက်စွာ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

ယနေ့သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်၍ နေ့လွှတ်အရုပ် မီးပုံးပျံပြိုင်ပွဲ၊ ညလွှတ် စိန်နားပန်နှင့် ညမီးကြိုးမီးပုံးပျံပြိုင်ပွဲကို လာရောက်ကြည့်ရှုသူ ပရိသတ်များ တိုးမပေါက်အောင် အထူးစည်ကား များပြားလျက်ရှိသည်။

“ဒီနှစ်က မနှစ်ကထက်ပိုပြီး ပြိုင်ပွဲဝင် မီးပုံးပျံအလုံးရေများလာပါတယ်။ အထူးသဖြင့် ပရိသတ် စိတ်ဝင်စားတဲ့ ညမီးကြိုးနဲ့စိန်နားပန်ပြိုင်ပွဲဟာ ဒီနှစ်မှာ ပြိုင်ပွဲဝင် အရည်အသွေးမြင့်လာပြီး ယှဉ်ပြိုင်မှုလည်း ပြင်းထန်လာတယ်လို့ ပြောရမှာပါ။ အမှတ်ပေးရာမှာ နေ့လွှတ်အရုပ်နဲ့ဆိုရင် အရုပ်ဖော်တဲ့ပုံသဏ္ဌာန်တွေ တိုးတက်ကောင်းမွန်လာတဲ့အပြင် ညလွှတ် မီးပုံးပျံဆိုရင် ဒိုင်တွေ ပိုသတိမပြတ် ကြည့်ရှုရတဲ့အထိ မီးပုံးပျံတည်ဆောက်မှု၊ ပန်းချီပညာရပ်နဲ့ ယမ်းအသုံးပြုမှု ပညာရပ်တွေ တိုးတက်လာတာတွေ့ရပါတယ်။ ပြိုင်ပွဲမှာ ဒိုင်စည်းကမ်းအမှတ်ပေးအဖွဲ့၊ မှိုင်းခံအမှတ်ပေးအဖွဲ့၊ ပုံသဏ္ဌာန်အမှတ်ပေးအဖွဲ့၊ မီးပုံးပျံအတက် စံချိန်အမှတ်ပေးအဖွဲ့၊ သဘာဝရုပ်လုံးနဲ့ စက္ခုပညာဒဿအမှတ်ပေးအဖွဲ့၊ ယမ်းခွေအလေးချိန် ချိန်တွယ်စစ်ဆေးရေးအဖွဲ့၊ တန်ဆာပလာ အမှတ်ပေးအဖွဲ့ ဆိုပြီးရှိပါတယ်။ လွှတ်တင်မယ့် မီးပုံးပျံကို ကွင်းထဲစတင် သယ်ဆောင်လာမှုကနေ စလို့ ကောင်းကင်ကို တက်သွားပြီး ရောင်စုံယမ်း ဖြာဆင်းမှုကြာချိန်ကအစ ဒိုင်တွေစောင့်ကြည့်ပြီး အမှတ်ပေးပါတယ်။ ဆုရရှိတဲ့ အသင်းကို မီးပုံးပျံကုန်ကျစရိတ် အပါအဝင် ဆုချီးမြှင့်ပါတယ်” ဟု ရိုးရာမီးပုံးပျံပြိုင်ပွဲ ကျင်းပရေး တွဲဖက်အတွင်းရေးမှူး ဦးတင်ဝင်း (ပန်းချီ)က ပြောသည်။

ယနေ့ကျင်းပသည့် နေ့လွှတ် အရုပ်မီးပုံးပျံပြိုင်ပွဲတွင် ငန်းဖြူ၊ ဇာမဏီ၊ ခွံ၊ ချိုးဖြူ၊ ခွံဖြူ၊ ကြက်ဖ၊ စင်ရော်၊ ကျေးကျွတ်၊ အောက်ချင်း၊ ဟသံ၁၊ ဗွတ်ကလုံ၊ မီးနှစ်၊ ကြက်တူရွေး၊ သိမ်းငှက်၊ ခရု၊ ဆင်ဖြူတော်၊ လူဝံ၊ ရှဉ့်၊ ဆင်၊ မြင်းပျံ၊ ဝက်၊ ပြောင်၊ ပိုလာဝက်ဝံ၊ ရွှေသမင်၊ ဘဲ၊ ကြို့ စသည့် သဘာဝရုပ်လုံး အရုပ်မီးပုံးပျံ ၄၂ လုံးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ညလွှတ် မီးပုံးပျံပြိုင်ပွဲတွင် စိန်နားပန်ပြိုင်ပွဲ၌ KBZ Life Insurance ၊ Mingalar & MAI လေကြောင်းလိုင်း၊ ရွှေလူးမီး၊ ကောင်းကင်မီး၊ ဟောမာန်အသင်း တို့ကလည်းကောင်း၊ ညမီးကြိုးပြိုင်ပွဲတွင် မြတ်ဝိတိ၊ ပအိုဝ်းစာပေ/ယဉ်ကျေးမှု(ဗဟို)၊ Mingalar & MAI ၊ KBZMS ၊ ဆက်ဌေ့၊ တိမ်လွှာ၊ ထစ်ချန်းနှင့် လူမော်အသင်းတို့က လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

“ဒီနှစ်တန်ဆောင်တိုင်မီးပုံးပျံပွဲတော်မှာ တိုင်းရင်းသားတွေ စုစုစည်းစည်းနဲ့ ပျော်ပျော်ရွှင်ရွှင် တွေ့မြင်ရတဲ့အတွက် ကြည်နူးဝိတ်ဖြစ်ရပါတယ်။ နိုဝင်ဘာလ ၂၄ ရက်နေ့အထိ ပြိုင်ပွဲတွေ ရှိနေပါတယ်။ ရာသီဥတုကအေးတဲ့အတွက် တန်ဆောင်တိုင်ပွဲတော်ကိုလာရင် အနွေးထည်တွေ ယူလာကြဖို့ ပြောလိုပါတယ်။ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာနဲ့ လည်ပတ်နိုင်ပါစေလို့ ဆုတောင်း မေတ္တာပို့သပါတယ်” ဟု အင်းတိုင်းရင်းသားအက အဖွဲ့တာဝန်ခံ ကိုသန်းဇော်ဖြိုးက ပြောသည်။

မီးပုံးပျံပြိုင်ပွဲသို့ လာရောက် ကြည့်ရှုအားပေးသူ ညောင်ဖြူ ရပ်ကွက်နေ မမီးမီးကလည်း “တန်ဆောင်တိုင်ပွဲတော်ဟာ ရှမ်းပြည်နယ်အတွက် အရေးပါတဲ့ ဘာသာရေးပွဲတော်တစ်ခုဖြစ်ပြီး မီးပုံးပျံပြိုင်ပွဲဟာလည်း ပြည်နယ်အတွက် ဂုဏ်ယူဖွယ်ရာ ရိုးရာပွဲတော်တစ်ခုဖြစ်ပါတယ်။ ကျွန်မကတော့ ညမီးကြိုးပြိုင်တာကို ပိုပြီးကြိုက်ပါတယ်”ဟု ဆိုသည်။

ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ဦးခွန်သိန်းဟန်က ယခုနှစ် ပွဲတော်သည် ယမန်နှစ်ကထက် ပိုစည်ကားပြီး ဖွင့်ပွဲတွင် တိုင်းရင်းသားကိုးဖွဲ့က ပါဝင်ဖျော်ဖြေခဲ့ကြကြောင်း၊ တောင်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားအားလုံး စုစုစည်းစည်း ပါဝင်ဆင်နွှဲခဲ့ကြ၍ စည်းလုံးမှုနှင့် ရိုးရာဓလေ့ကို ဖော်ထုတ်ပြသနိုင်ခဲ့ကြောင်းဝမ်းသာကြည်နူးစကား ပြောကြားသည်။

ရှမ်းတိုင်းရင်းသားကိုယ်စားပြုအဖွဲ့ခေါင်းဆောင် ကိုစိုင်းနော်စိုင်းက “ဒီနှစ်ကမနှစ်ကထက် ပိုပြီးစည်ကားပါတယ်။ တန်ဆောင်တိုင်ပွဲတော်နဲ့ မီးပုံးပျံပွဲတော်ဟာ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုအင်အားကို ပြသခြင်းလည်း ဖြစ်ပါတယ်။ တိုင်းရင်းသား ညီအစ်ကိုတွေအနေနဲ့ မိမိတို့ ရိုးရာအလိုက် ထိန်းသိမ်းပြီး လူငယ်တွေကို လက်ဆင့်ကမ်းပေးဖို့ လည်းလိုပါတယ်”ဟု ပြောသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ရိုးရာမီးပုံးပျံပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက်မှ ၂၄ ရက်အထိ ကျင်းပလျက်ရှိရာ နေ့လွှတ် အရုပ်မီးပုံးပျံ ၄၄၉ လုံးနှင့် ညလွှတ်မီးပုံးပျံပြိုင်ပွဲဝင် ၁၁၂ လုံး ဖြင့် စုစုပေါင်း ၅၆၁ လုံး ပါဝင် ယှဉ်ပြိုင်လျက်ရှိသည်။ ပြိုင်ပွဲများ ကျင်းပရာ အဝေးရာမီးပုံးပျံကွင်း၊ တောင်ကြီး ကျောက်တစ်လုံး လမ်းတွင်လည်း MSMEs ပြခန်း ၃၀ ကို ဖွင့်လှစ်ပြသထားပြီး ဒေသခံပြည်သူများနှင့် ပြည်တွင်း ပြည်ပခရီးသွားများ အထူးစည်ကား များပြားစွာကြည့်ရှုအားပေးလျက် ရှိကြောင်း သိရသည်။

ဓာတ်ပုံ - ခွဲမာန်၊ ကိုထွေး၊ သစ္စာ

တောင်အာဖရိကဇာ၏ ပထမဆုံး အမျိုးသမီး ဒုတိယသမ္မတ ဖွန်ဇီလီမလမ်ဘို-ဂူကာ ကွယ်လွန်

ကျိုက်ခန်နစ္စဘတ် နိုဝင်ဘာ ၂၁

တောင်အာဖရိကနိုင်ငံ၏ ပထမဆုံး အမျိုးသမီး ဒုတိယသမ္မတနှင့် ကုလသမဂ္ဂအမျိုးသမီးများဆိုင်ရာအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ဟောင်း ဖွန်ဇီလီမလမ်ဘို-ဂူကာသည် အသက် ၇၁ နှစ်အရွယ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း တောင်အာဖရိကသမ္မတရုံးက နိုဝင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၂၂ ခုနှစ်မှ စတင်၍ အဓိပတိအဖြစ် မလမ်ဘို-ဂူကာ တာဝန်ထမ်းဆောင်ခဲ့သော ကျိုက်ခန်နစ္စဘတ် တက္ကသိုလ်ကလည်း နိုဝင်ဘာ ၂၁ ရက်က ထုတ်ပြန်ချက်တစ်စောင်တွင် ၎င်း၏ကွယ်လွန်မှုကို အတည်ပြုခဲ့ပြီး ပညာရေး၊ ကျား၊ မ တန်းတူညီမျှရေးနှင့် လူမှုရေးဆိုင်ရာ တရားမျှတမှုရှိရေးတို့အတွက် စွမ်းဆောင်မှုများသည် တောင်အာဖရိကနိုင်ငံအပြင် နိုင်ငံတကာအထိ ကာလရှည်တည်တံ့ခိုင်မြဲသော အမှတ်တရများ ကျန်ရစ်စေခဲ့သော ထူးခြားသည့် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ကြောင်း ဖော်ပြထားသည်။

၎င်းသည် ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂအမျိုးသမီးများဆိုင်ရာ အမှုဆောင်ညွှန်ကြားရေးမှူးအဖြစ်ခန့်အပ်ခြင်းခံခဲ့ရပြီး ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အထူးဖွဲ့စည်းထားသော ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခု၏အကြီးအကဲဖြစ်လာခဲ့သည်။ ၎င်းသည် သက်တမ်းနှစ်ကြိမ် တာဝန်ထမ်းဆောင်ပြီးနောက် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ရာထူးမှ အနားယူခဲ့သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အနံတိုနီယို ဂူတာရက်စ်က ၎င်းကွယ်လွန်မှုအတွက် နိုဝင်ဘာ ၂၀ ရက်တွင် ဝမ်းနည်းကြောင်း ပြောကြားသည်။

ဆင်ဟွာ



ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းတွင် ဆီးနှင်းများပြင်းထန်စွာ ကျဆင်းသဖြင့် လူပေါင်း ၁၄၀၀ ခန့် အဆက်အသွယ်ပြတ်တောက်

တိုကျို နိုဝင်ဘာ ၂၁

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း ဖူကူရိုးမားခရိုင်အတွင်း ဆီးနှင်းများ ပြင်းထန်စွာကျဆင်းမှုကြောင့် သစ်ပင်များလဲကျပြီး လမ်းများပိတ်ဆို့သွားသဖြင့် လူပေါင်း ၁၄၀၀ ခန့် ပိတ်မိကာ အဆက်အသွယ် ပြတ်တောက်လျက်ရှိသည်ဟု ပြည်တွင်းမီဒီယာများတွင် နိုဝင်ဘာ ၂၁ ရက်က ဖော်ပြထားသည်။

သွားလာရေးအခက်အခဲနှင့် ကြုံတွေ့ကာ ပိတ်မိနေသူများထဲတွင် နေအိမ်များနှင့် ဟိုတယ်များ၌ နေထိုင်နေသူ ဒေသခံ ၉၀၀ ခန့်နှင့် ခရီးသွား ၅၀၀ ခန့် ပါဝင်သည်ဟု သိရသည်။ လဲကျနေသည့် သစ်ပင်များကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ကာ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများတွင် အခက်အခဲ ဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် နေအိမ်ပေါင်း ၇၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်လျက်ရှိသည်။

ခရီးသွားများ အကြိုက်များသည့် နေရာတစ်ခုဖြစ်သော ကီတာရှိအိုဘာရာဒေသရှိ အူရာဘန်ဒိုင်အနီးတစ်ဝိုက်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ဟု ကျိုဒိုသတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

ဆင်ဟွာ

သီရိလင်္ကာနိုင်ငံတစ်ဝန်း ခြင်ပေါက်ပွားရာနေရာများ နှိမ်နင်း

ကိုလံဘို နိုဝင်ဘာ ၂၁

လာမည့် သီတင်းပတ်များအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု မြင့်တက်လာနိုင်ခြေနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေသဖြင့် ခြင်ပေါက်ပွားရာနေရာများနှင့် တရားမဝင်အမှိုက်စွန့်ပစ်မှုများကို အဓိကထားသည့် နိုင်ငံတစ်ဝန်းလုပ်ဆောင်ချက်များကို သီရိလင်္ကာ ရဲတပ်ဖွဲ့က နိုဝင်ဘာ ၂၀ ရက်တွင် ကြေညာခဲ့သည်။

နိုင်ငံတစ်ဝန်းရှိ ရဲစခန်းများ၊ ရဲတပ်ဖွဲ့ဌာနခွဲများနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များကို အသင့်ဖြစ်စေရေး ညွှန်ကြားထားကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အက်ဖ်ယူဝုလာက ပြောကြားသည်။

ကျန်းမာရေးတာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက စစ်ဆေးခြင်းကို စောင့်ဆိုင်းမနေဘဲ နေအိမ်များ၊ လုပ်ငန်းခွင်များနှင့် လူမနေသည့် မြေနှင့်အိမ်ရာအဆောက်အအုံများရှိ ခြင်ပေါက်ပွားနိုင်သည့်နေရာများကိုရှင်းလင်းရန် ပြည်သူလူထုအား ၎င်းက တိုက်တွန်းထားသည်။

၂၀၂၆ ခုနှစ်အတွင်း နိုဝင်ဘာ ၁၈ ရက်အထိ သီရိလင်္ကာနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၁၀၄၃၁ ဦးရှိပြီး အဆိုပါ ရောဂါနှင့်ဆက်စပ်၍ သေဆုံးသူ ၈၂ ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

ကမ္ဘောဒီးယား၌ စက်သုံးဆီဈေးနှုန်း ထပ်မံကျဆင်း

ဖနောင်ပင် နိုဝင်ဘာ ၂၁

နိုင်ငံတကာစက်သုံးဆီဈေးနှုန်းများ ကျဆင်းလာပြီးနောက် နိုဝင်ဘာ ၂၁ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ လက်လီစက်သုံးဆီဈေးနှုန်းများ ထပ်မံကျဆင်းလာကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ရိုးရိုးဓာတ်ဆီဈေးနှုန်းသည် ပြီးခဲ့သည့် ၁၀ ရက်က တစ်လီတာလျှင် ၁ ဒေါ်လာ၇၇၀ ၁ ဒေါ်လာအထိ ၆ ဒေါ်လာ ၅ ရာခိုင်နှုန်းလျော့နည်းကျဆင်းလာကြောင်း သိရသည်။ ဒီဇယ်ဈေးနှုန်းမှာလည်း တစ်လီတာလျှင် ၁ ဒေါ်လာ၅၀ ၁ ဒေါ်လာ၃၀ ၆ ဒေါ်လာအထိ ၆ ဒေါ်လာ ၂၀ ရာခိုင်နှုန်း ကျဆင်းလာကြောင်း သိရသည်။

ဆင်ဟွာ

SpaceX ၏ Dragon ကုန်တင်အာကာသယာဉ် သုတေသနနမူနာများသယ်ဆောင်ကာ ကမ္ဘာမြေအပြန်ခရီး စတင်

လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၂၁

SpaceX ၏ Dragon ကုန်တင်အာကာသယာဉ်သည် နိုင်ငံတကာ အာကာသစခန်း (ISS) မှထွက်ခွာပြီး ယာဉ်ပေါ်တွင် သိပ္ပံဆိုင်ရာ သုတေသန နမူနာများနှင့် အခြားကုန်ပစ္စည်း ပေါင်းထောင်နှင့်ချီ တင်ဆောင်ကာ



ကမ္ဘာမြေသို့ အပြန်ခရီးကို နိုဝင်ဘာ ၂၀ ရက်တွင် စတင်ခဲ့သည်။

လူလိုက်ပါခြင်းမရှိသော Dragon အာကာသယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၀၅ မိနစ်တွင် ISS မှ ခွဲထွက်ခဲ့ပြီး နိုဝင်ဘာ ၂၁ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၅၅ မိနစ်ခန့်တွင် ကယ်လီဖိုးနီးယား ကမ်းရိုးတန်းအလွန် ပင်လယ်ပြင်သို့ ဆင်းသက်ရန် စီစဉ်ထားသည်။ အဆိုပါ အာကာသယာဉ်ကို အာကာသယာဉ်မှူးများအတွက် ထောက်ပံ့ပစ္စည်းများနှင့် သိပ္ပံဆိုင်ရာ စမ်းသပ်ပစ္စည်း ပေါင် ၆၃၀၀ ကျော်ကို တင်ဆောင်ကာ ဖလော်ရီဒါပြည်နယ် ကိပ်ကနာဗရယ် အာကာသတပ်ဖွဲ့စခန်းမှ အောက်တိုဘာ ၁၃ ရက်တွင် လွှတ်တင်ခဲ့ပြီး ISS သို့ အောက်တိုဘာ ၁၅ ရက်တွင် ရောက်ရှိခဲ့သည်။

ဆင်ဟွာ

ကုန်သွယ်မှုနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေး ပိုမိုခိုင်မာစေရန် နော်ဒစ်နှင့် အာဖရိကနိုင်ငံများ အလေးထား တောင်းဆို

အော့စလို နိုဝင်ဘာ ၂၁

နော်ဝေနိုင်ငံ အော့စလိုမြို့တွင် နိုဝင်ဘာ ၂၀ ရက်က ပြီးဆုံးခဲ့သည့် နှစ်ရက်ကြာ အစည်းအဝေး၌ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်ဆံရေးများ ပိုမိုနီးကပ်စေရန်နှင့် နိုင်ငံပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရန် အတွက် နော်ဒစ် (Nordic) နိုင်ငံများနှင့် အာဖရိကနိုင်ငံများမှ ဝန်ကြီးများက တောင်းဆိုခဲ့ကြောင်း နော်ဝေနိုင်ငံခြားရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နော်ဒစ်-အာဖရိကဝန်ကြီးများ အစည်းအဝေးသို့ အာဖရိကနိုင်ငံ ပေါင်း ၃၀ နှင့် နော်ဒစ်ငါးနိုင်ငံမှ ဝန်ကြီးများ၊ အဆင့်မြင့်ကိုယ်စား လှယ်များနှင့်အတူ အာဖရိကသမဂ္ဂ၏ နိုင်ငံရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကော်မရှင်နာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

နော်ဝေနိုင်ငံခြားရေးဝန်ကြီး အက်စပန်ဘာ့သ်အိုက်နှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီး အာ့စ်မွန်အော့ခ်ရပ်စ်တို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

ဆွေးနွေးမှုများတွင် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်၊ ရာသီဥတုဆိုင်ရာ ဘဏ္ဍာရေးနှင့် ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိအောင် ပြင်ဆင်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြပြီး လာမည့်နှစ် အဒစ်စအာဘာဘာတွင် ပြုလုပ်မည့် COP32 ရာသီဥတုဆိုင်ရာ ညီလာခံကို အဆိုပါ ဦးစားပေးလုပ်ငန်းများ ရှေ့ဆက်တိုးနိုင်ရေး အခွင့်အလမ်း ကောင်းတစ်ခုအဖြစ် သတ်မှတ်ခဲ့ကြသည်။

ဆင်ဟွာ

မိုင်းအပါအဝင် ပေါက်ကွဲစေတတ်သည့်အကြွင်းအကျန်များက ဆီးရီးယားရှိ ကလေးငယ်များ ပုံမှန်ဘဝအပေါ် ခြိမ်းခြောက်လျက်ရှိ

ဒမတ်စကတ် နိုဝင်ဘာ ၂၁

ဆီးရီးယားနိုင်ငံ၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှစတင်၍ မိုင်းနှင့် အခြားလက်နက် အကြွင်းအကျန်များကြောင့် ကလေး ၁၆၁ ဦး သေဆုံးခဲ့ပြီးဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့် အရေးကွန်ရက်က နိုဝင်ဘာ ၂၀ ရက်တွင် ပြောသည်။ နေရပ်စွန့်ခွာခဲ့ရသော မိသားစုများ မိမိတို့၏ နေအိမ်များသို့ ပြန်လည် ဝင်ရောက်လာချိန်တွင် ပေါက်ကွဲစေနိုင်သော လက်နက် အကြွင်းအကျန်များကြောင့် ကလေးငယ်များ ဆက်လက်ခြိမ်းခြောက် ခံနေရကြောင်း သတင်းပေးထားသည်။

ယခုနှစ်အတွင်း စိုက်ပျိုးမြေများ၊ စားကျက်မြေများ၊ နေအိမ်များအနီးနှင့်ကလေး များ ကစားရာနေရာများအနီး၌ အဆိုပါ ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့သည့်အတွက် ကလေး များကို ခိုင်မာစွာအကာအကွယ်ပေးရေး လူ့အခွင့်အရေးအုပ်စုက တောင်းဆိုခဲ့သည်။

ဆီးရီးယားနိုင်ငံ၌ ကျောင်းပြင်ပရှိရောက်ရှိ နေသည့်ကလေး ၂ ဒသမ ၅ သန်းရှိသည်ဟု ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က ကြေညာချက်ထုတ်ပြန်ပြီး ကလေးသူငယ်များ၏ အခွင့်အရေးများကို နိုင်ငံပြန်လည် ထူထောင်ရေးလုပ်ငန်းစဉ်၏ အဓိကအချက် အချာတွင်ထားရှိရန် တိုက်တွန်းခဲ့ပြီးနောက် တစ်ရက်အကြာတွင် ယခုသတင်းပေးချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဆင်ဟွာ

အိန္ဒိယနိုင်ငံ၌ အရက်တုသောက်သုံးမိခြင်းကြောင့် ၁၁ ဦး သေဆုံးပြီး ၁၈၁ ဦး ဆေးရုံတက်ကုသမှုခံယူနေရ

နယူးဒေလီ နိုဝင်ဘာ ၂၁

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ မဏိပူရပြည်နယ်တွင် အရက်တု သောက်သုံးမိခြင်းကြောင့် ပြီးခဲ့သည့် ၄၈ နာရီအတွင်း ၁၁ ဦး သေဆုံးခဲ့ပြီး အခြား ၁၈၁ ဦးကို ဆေးရုံတင်ထားရကြောင်း တာဝန်ရှိသူများက နိုဝင်ဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်မှာ မဏိပူရပြည်နယ် ချန်ဒယ်ခရိုင်ရှိ ချက်ပီကာရွှန်ဒေသတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး လူနာများအတွက် လိုအပ်သည့်အရာများအားလုံးထောက်ပံ့ပေးရန်နှင့် သေချာစွာကုသပေးရန် ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို မဏိပူရဝန်ကြီးချုပ် ယွမ်နမ်ဓဝဓ်ချန်ဆင်းက မှာကြားသည်။

အစိုးရက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ကျူးလွန်သူများကို အပြစ်ပေးသွားမည်ဟု ၎င်း၏ လူမှုကွန်ရက် မီဒီယာအကောင့်တွင် ဖော်ပြထားသည်။

အရက်သောက်သုံးပြီးနောက် အော့အန်ခြင်း၊ ဗိုက်နာခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်း၊ အမြင်အာရုံဝါးခြင်း၊ အသက်ရှူရခက်ခဲခြင်း သို့မဟုတ် ပုံမှန်မဟုတ်သော အခြားလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသွားရောက်၍ ဆေးကုသမှုခံယူရန် သတိပေးချက်တွင် တိုက်တွန်းထားသည်။

အိန္ဒိယနိုင်ငံတွင် အရက်တု သောက်ခြင်းကြောင့် လူသေဆုံးမှုများ မကြာခဏဖြစ်ပေါ်လေ့ရှိပြီး ဈေးပေါသော ချက်အရက်နှင့် အရက်တုများကို လူများက မကြာခဏ သောက်သုံးလေ့ရှိကြသည်။

ဆင်ဟွာ ■

တောင်ကြီးမြို့၌ ထောပတ်သီးပွဲတော်နှင့် ဒေသထွက်ကုန်များပြပွဲကျင်းပ

တောင်ကြီး နိုဝင်ဘာ ၂၁

ထောပတ်သီးပွဲတော်နှင့် ဒေသထွက်ကုန်များပြပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ ရေအေးကွင်း ရုပ်ကွက်ရှိ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနခွဲ ကျင်းပသည်။

ထောပတ်သီးပွဲတော်နှင့် ဒေသထွက်ကုန်များ ပြပွဲတွင် ဆိုင်ခန်းပေါင်း (၂၃) ခန်းပါဝင်ပြီး ပြပွဲကို ငါးရက်တာ ပြသသွားမည်ဖြစ်သည်။

အဆိုပါ ထောပတ်သီးပွဲတော်နှင့် ဒေသထွက်ကုန်များပြပွဲကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားကာ မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း (MAVO) ဥက္ကဋ္ဌက ပြပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ဖွင့်ပွဲအပြီးတွင် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် (စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တက်ရောက်



မည့် သင်တန်းသား သင်တန်းသူများအား သွားရောက် သင်တန်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ခဲ့ တွေ့ဆုံအားပေးစကား ပြောကြားပြီး သင်တန်းသား ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

ကြဲခင်းစနစ်ပပျောက်ရေးကို တောင်သူတစ်ဦးချင်းစီ၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်အောင် ဆောင်ရွက်ရမည်

ပုသိမ် နိုဝင်ဘာ ၂၁

ကြဲခင်းစနစ် ပပျောက်ရေးကို တောင်သူတစ်ဦးချင်းစီ၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က နိုဝင်ဘာ ၁၉ ရက်တွင် လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ကြဲခင်းစနစ်ပပျောက်ရေး ဆွေးနွေးပွဲတွင် ပြောကြားသည်။



ထို့ပြင် တောင်သူများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး တို့အတွက် အလေးထားဆောင်ရွက်ကြရန်၊ စိုက်ကေများနှင့် သီးနှံအထွက်နှုန်း စာရင်းများ မှန်ကန်တိကျမှုရှိစေရေး ဆောင်ရွက်ကြရန်နှင့် ကြဲခင်းစနစ်အစား Drum Seeder များဖြင့် စိုက်ပျိုးခြင်း၊ ပျိုးထောင်စိုက်ပျိုးသည့် စနစ်ဖြင့် စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်များဖြင့် စိုက်ပျိုးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ပြောင်းလဲကျင့်သုံးကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားကာ တောင်သူများကို ဓာတ်မြေဩဇာများ ရည်ညွှန်းစေးနှုန်းများဖြင့် ရောင်းချနေမှု၊ ခြောက်တန်းသွားကောက်စိုက်စက်၊ Drum Seeder နှင့် လက်ဆွဲကောက်စိုက်စက်များကို ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် လေးမျက်နှာမြို့နယ် သုံးဆက်ကျေးရွာအုပ်စုရှိ ရွေကြီးနစ်မြုပ် ပျက်စီးခဲ့သည့် လယ်မြေများ၌ နိုင်ငံတော်က မျိုး၊ သွင်းအားစု၊ စက်သုံးဆီများ အခမဲ့ ထောက်ပံ့ ထွန်ယက်ပေးခဲ့ပြီး မတ်ပဲ ရေဆင်း–၃ မျိုးနှင့် ပဲတီစိမ်း ရေဆင်း–၁၄ မျိုး စိုက်ခင်း ပြန်လည် စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့အတူ ဟင်္သာတမြို့နယ် ကညင်ငူကျေးရွာရှိ ရေတေးသင့်ခဲ့သော ပြည်သူများကို ရည်ညွှန်းစေးနှုန်းဖြင့် စားသုံးဆီရောင်းချပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အဆောက်အအုံများ၏ အမိုးပေါ်တွင် အမိုးတင်ဆိုလာတပ်ဆင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်း အစီအစဉ်တွင် ပါဝင်နိုင်ပါရန် ဖိတ်ခေါ်ခြင်း

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်

၁။ နိုင်ငံတော်အစိုးရသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍတွင် နေရောင်ခြည်စွမ်းအင်ကို အသုံးပြု၍ ဓာတ်အားထုတ်လုပ်မှု တိုးမြှင့်လာစေရေး နည်းလမ်းမျိုးစုံဖြင့် တွန်းအားပေးဆောင်ရွက်လျက်ရှိရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အဆောက်အအုံများ၏ အမိုးပေါ်တွင် ဆိုလာပြားများ တပ်ဆင်၍ လာမည့် နွေရာသီအမီ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်း အစီအစဉ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။

၂။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၁၀၀ ကီလိုဝပ်နှင့်အထက် ဆိုလာနှင့်ဆက်စပ် ပစ္စည်းများ တပ်ဆင်အသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေရန်အလို့ငှာ **"ဆိုလာနှင့်ဆက်စပ် ပစ္စည်း တပ်ဆင်အသုံးပြုခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ"** ကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

၃။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်တွင်းလုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် အမိုးတင်ဆိုလာစီမံကိန်းများတွင် ပါဝင်ရင်းနှီးမြှုပ်နှံကြပါရန် ဖိတ်ခေါ်ထားပြီးလည်းဖြစ်ပါသည်။

၄။ အမိုးတင်ဆိုလာစီမံကိန်းကို အကောင်အထည်ဖော်ရာ၌ နည်းပညာဆိုင်ရာ သတ်မှတ်ချက်များနှင့် အညီ စနစ်တကျဖြစ်စေရန်၊ တပ်ဆင်ထားသော ဆိုလာပြား၏ အပူလွန်ကဲမှုမှတစ်ဆင့် အဆောက်အအုံတွင် အန္တရာယ်မဖြစ်စေရန်၊ အဆောက်အအုံပိုင်ရှင်မှ အရင်းအနှီးငွေကြေး စိုက်ထုတ်သုံးစွဲရသော ဝန်ထုပ်ဝန်ပိုးမရှိစေရန် အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည် –

(က) နည်းပညာကျွမ်းကျင်သူများ ပါဝင်ဖွဲ့စည်းထားပြီး ရင်းနှီးမြှုပ်နှံနိုင်စွမ်းရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်၏ အရင်းအနှီးဖြင့် တပ်ဆင်မှု၊ ပြုပြင်ထိန်းသိမ်းမှု၊ ဓာတ်အားထုတ်လုပ် ရောင်းချမှုလုပ်ငန်းများအားလုံးကို တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်၍ ယင်းလုပ်ငန်းများ ဆောင်ရွက်လိုသူကုမ္ပဏီများအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် မှတ်ပုံတင်စာရင်းရေးသွင်း ဆောင်ရွက်စေလျက်ရှိပြီး သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ကုမ္ပဏီအဖွဲ့အစည်းများအား အချိန်တိုအတွင်း ခွင့်ပြုပေးလျက်ရှိပါသည်။

(ခ) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် အဆိုပါလုပ်ငန်းဆောင်ရွက်သူ ကုမ္ပဏီများနှင့် နှစ်ရှည်စာချုပ်ချုပ်ဆို၍ ဓာတ်အားဝယ်ယူလျက် ရှိနေပါသည်။

(ဂ) အမိုးတင်ဆိုလာ တပ်ဆင်ထားသော အဆောက်အအုံပိုင်ရှင်၏ သုံးစွဲသော လစဉ်ဓာတ်အားခပေါ်တွင် နှုန်းထားဖြေလျှော့မှုကိုလည်း ဆောင်ရွက်ပေးထားပါသည်။

၅။ **ပထမအဆင့်**အနေဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ပေါ်ရှိ ရုံး၊ ကျောင်း၊ ဆေးရုံ၊ စျေးစသည့် နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ စီးပွားရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းအဆောက်အအုံများ၏ အမိုးများပေါ်တွင်စတင်၍ တပ်ဆင်ဆောင်ရွက်စေလျက်ရှိပါသည်။



၆။ **ဒုတိယအဆင့်**အနေဖြင့် လူနေအိမ် အဆောက်အအုံများတွင်ပါ တပ်ဆင်ဆောင်ရွက်နိုင်ရေး ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ပြည်သူများအနေဖြင့်လျှပ်စစ်ဓာတ်အားသုံးစွဲသူ(Consumer) အဖြစ်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲသူ (Prosumer)အဖြစ်သို့ ကူးပြောင်းရောက်ရှိလာမည် ဖြစ်ပါသည်။

၈။ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်း အမိုးတင်ဆိုလာစီမံကိန်းများ လျင်မြန်စွာ ဖြန့်ကြက်ပေါ်ပေါက်လာစေရေးအတွက် ပြည်တွင်းလုပ်ငန်းရှင်များ အနေဖြင့် အမိုးတင်ဆိုလာစီမံကိန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ကြပါရန်နှင့် ပြည်သူများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

မျိုးစေ့ထုတ်လုပ်ခြင်းဆိုင်ရာ .....

သက်ဇော်

မျိုးစေ့ထုတ်လုပ်ခြင်း၏ စိုက်ပျိုးရေးကဏ္ဍ အရေးပါမှု

စိုက်ပျိုးရေးကို အခြေခံသော မြန်မာနိုင်ငံ၌ သီးနှံအထွက်နှုန်း တိုးတက်မြင့်မားရေးနှင့် တောင်သူလယ်သမားတို့၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အခြေခံလိုအပ်ချက်များစွာရှိသည့်အနက် "မျိုးစေ့" သည် အဓိကဆုံးနှင့် အဓိကအကျဆုံး သော့ချက်ဖြစ်သည်။ **"မျိုးကောင်းမှ အပင်သန်၊ အပင်သန်မှ အထွက်တိုး"** ဆိုသည့် ရှေးလူကြီးများ၏ ဆိုရိုးစကားအတိုင်း မည်မျှပင် မြေဆီလွှာ ကောင်းမွန်ပါစေ၊ ရေနှင့် မြေဩဇာကို စနစ်တကျထောက်ပံ့ပေးနိုင်ပါစေ စိုက်ပျိုးလိုက်သည့်မျိုးစေ့ကိုယ်တိုင်က အရည်အသွေး မပြည့်ဝပါက သီးနှံအထွက်နှုန်းနှင့် အရည်အသွေးသည် မျှော်မှန်းသလောက်ရရှိနိုင်မည် မဟုတ်ပါ။

မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းသည် စိုက်ပျိုးရေးကဏ္ဍ၏ ပထမဦးဆုံးနှင့် အရေးအကြီးဆုံးသော စတင်ရာ စက်ဝန်းဖြစ်သည်။ အရည်အသွေးမှန်ကန်ပြီး မျိုးဗီဇသန့်စင်သည့် မျိုးစေ့များကို တောင်သူများ လက်ဝယ်သို့ အချိန်မီရောက်ရှိ ဖြန့်ဖြူးပေးနိုင်ခြင်းသည် စိုက်ပျိုးရေးထုတ်ကုန်များ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးရုံမျှမက အမျိုးသားစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပပို့ကုန် တိုးမြှင့်ရေးအတွက်ပါ ပံ့ပိုးပေးနေသည့် အဓိကဒေါက်တိုင် ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ မျိုးစေ့ထုတ်လုပ်ခြင်းဆိုင်ရာ လက်ရှိ ဆောင်ရွက်နေမှုများ

လက်ရှိတွင် မြန်မာနိုင်ငံ၏ မျိုးစေ့ထုတ်လုပ်မှု ကဏ္ဍ၌ စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ မျိုးစေ့ဌာနခွဲနှင့် သုတေသနဌာနများက သုတေသနပြုစိုက်ပျိုးထုတ်လုပ်ခြင်း၊ မိခင်မျိုးစေ့(Foundation Seed)နှင့် မျိုးသန့်စပါး/သီးနှံများ ထုတ်လုပ်ပေးခြင်းတို့ကို အခြေခံအားဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် တတ်သိပညာရှင်များ၊ ပြည်တွင်း/ပြည်ပ မျိုးစေ့ကုမ္ပဏီများနှင့် တောင်သူလယ်သမား ဘဝမြှင့်တင်ရေး ပေါင်းစည်းအသင်းကဲ့သို့သော လူမှုအဖွဲ့အစည်းများသည်လည်း တောင်သူများနှင့် ပူးပေါင်း၍ Contract Farming (စာချုပ် စိုက်ပျိုးရေး) စနစ်ဖြင့် မျိုးစေ့ထုတ်စိုက်ခင်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း နိုင်ငံတစ်ဝန်းရှိ တောင်သူအများစုထံ အရည်အသွေးမြင့် မျိုးစေ့များ တန်းတူညီမျှ ခင်းကျင်းဖြန့်ဖြူးပေးနိုင်ရေးတွင် နည်းပညာ၊ စက်ကိရိယာနှင့် သိုလှောင်ရုံဆိုင်ရာ အခြေခံအဆောက်အအုံ လိုအပ်ချက်များစွာ ရှိနေသေးသည့်အတွက် ပဂ္ဂလိကနှင့် အသင်းအဖွဲ့များ၏ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို ပိုမိုမြှင့်တင်ရန် လိုအပ်လျက်ရှိပါသည်။

- **သီးနှံအထွက်နှုန်းနှင့် အရည်အသွေး။** အရည်အသွေးမီ မျိုးစေ့များကို အသုံးပြုခြင်းဖြင့် ပုံမှန်စိုက်ပျိုးမှုထက် အထွက်နှုန်းကို ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ တိုက်ရိုက်တိုးတက်စေကာ ဈေးကွက်တွင် အဆင့်မြင့်ဈေးနှုန်း ရရှိစေနိုင်သည်။

တစ်နှစ်စာ မျိုးစေ့လိုအပ်ချက်နှင့် သီးနှံအလိုက် မျိုးစိတ်ဆိုင်ရာ ကိန်းဂဏန်းများ

သီးနှံအမည်	ပျမ်းမျှ စိုက်ပျိုးကာ	ကေလိုက် မျိုးစေ့နှုန်း	စုစုပေါင်း ၁ နှစ်စာ မျိုးစေ့လိုအပ်ချက်	အဓိက စိုက်ပျိုးသင့်သော မျိုးစိတ် အမည်များ	ပျမ်းမျှ အထွက်နှုန်း (တစ်ဧကာ)
စပါး (Rainfed/ Summer Rice)	ဧကာ ၁၇ သန်းခန့်	၁ တင်းမှ ၁.၅ တင်း	တင်း သန်း ၂၀ မှ ၂၅ သန်းခန့်	ဆင်းသုခ၊ မနောသုခ၊ ရေဆင်းစပါး မျိုးများ၊ ပရီမီယံ ပုစွန်ဆိတ်/ ပေါ်ဆန်းမျိုးများ	တင်း ၈၀ မှ တင်း ၁၂၀ အထိ
ပဲအမျိုးမျိုး (မတ်ပဲ/ ပဲတီစိမ်း/ ပဲစင်းငုံ)	ဧကာ ၁၀ သန်းခန့်	၄ ပြည်မှ ၆ ပြည်ခန့်	တင်း ၂.၅ သန်းမှ ၃.၅ သန်းခန့်	ရေဆင်းပဲတီစိမ်း၊ ရေဆင်းမတ်ပဲ မျိုးသန့်များ၊ ရေဆင်းပဲစင်းငုံ	၁၅ တင်းမှ ၂၅ တင်း အထိ
ပဲပုပ် (Soybean)	ဧကာ ၄ သိန်းခန့်	၈ ပြည်မှ ၁၀ ပြည်ခန့်	တင်း ၂ သိန်းမှ ၂.၅ သိန်းခန့်	ရေဆင်း-၃၊ ရေဆင်း-၆၊ ရေဆင်း-၁၁ (Shan Yellow/ Chiang Mai)	တင်း ၂၀ မှ ၃၅ တင်း အထိ

တောင်သူများအတွက် အကျိုးဖြစ်ထွန်းစေရေးနှင့် အထွက်နှုန်းကောင်းမွန်ရေး မျိုးစေ့အပေါ် မူတည်သည့် အခြေခံများ

တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် အကျိုးအမြတ်ဖြစ်ထွန်းပြီး သီးနှံအထွက်နှုန်း ကောင်းမွန်စေရန်အတွက် မျိုးစေ့အပေါ် အခြေခံသည့် အောက်ပါအချက်များကို အထူးဂရုပြု စနစ်တကျ အသုံးပြုကြရမည်ဖြစ်သည်-

- **မျိုးဗီဇသန့်စင်မှု။** မိခင်မျိုးစေ့၏ မျိုးဗီဇ ၉၈ ရာခိုင်နှုန်းထက်မနည်း သန့်စင်မှုရှိရမည်ဖြစ်ပြီး အခြားမျိုးစေ့များနှင့် ရောနှောမှု မရှိစေရပါ။
- **ပင်သန်စွမ်းမှုနှင့် အညောင့်ပေါက်နှုန်း။** အညောင့်ပေါက်နှုန်း အနည်းဆုံး ၈၅ ရာခိုင်နှုန်း အထက်ရှိရမည်ဖြစ်ပြီး စိုက်ခင်းအတွင်း အပင်ပေါက် ညီညာစွာ ထွက်ရှိရမည်။
- **ရောဂါနှင့် ပိုးမွှားကင်းစင်မှု။** မျိုးစေ့မှတစ်ဆင့် ကူးစက်တတ်သော ပိုးမွှားနှင့် ဖန်းဂတ်စ်ရောဂါများ ကင်းစင်စေရန် စိုက်ပျိုးခြင်းမပြုမီ မျိုးစေ့လူးနယ်ဆေးများဖြင့် စနစ်တကျ ဆောင်ရွက်ရမည်။

သုတေသန၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများနှင့် ပြည်တွင်း/ပြည်ပ ပူးပေါင်းဆောင်ရွက်မှု

မျိုးစေ့ထုတ်လုပ်မှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သုတေသနပြုခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းစဉ်သုံးခုစလုံးကို နည်းပညာအခြေခံ၍ စနစ်တကျစီမံခန့်ခွဲရန် လိုအပ်ပါသည်။

၁။ သုတေသနပြုခြင်း။ ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်ရှိသည့် မျိုးသစ်များနှင့် ပို့ကုန်စံမီ သီးနှံမျိုးများကို ပြည်တွင်း/ပြည်ပ စိုက်ပျိုးရေး သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်းဖော်ထုတ်ရမည်။

၂။ ထုတ်လုပ်ခြင်း။ မျိုးစေ့သန့်စင်စက်များ၊ အစိုခြောက် ထိန်းသိမ်းစက်များနှင့် စမတ် သိုလှောင်ရုံများတွင် ခေတ်မီနည်းပညာများ အသုံးပြု၍ ထုတ်လုပ်ရမည်။

၃။ ဖြန့်ဖြူးခြင်း။ တောင်သူလယ်သမား ဘဝ မြှင့်တင်ရေး ပေါင်းစည်းအသင်း၏ ကျေးရွာ/မြို့နယ် အသင်းကွန်ရက်များနှင့် ဒေသဆိုင်ရာ သွင်းအားစု အရောင်းဆိုင်များမှတစ်ဆင့် တောင်သူများထံ အချိန်မီ ဖြန့်ဖြူးပေးနိုင်ရမည်။

ဤကဲ့သို့ စနစ်ကျသည့် နည်းပညာလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများ၊ နည်းပညာအဖွဲ့အစည်းများနှင့် အစိုးရ-ပုဂ္ဂလိက-တောင်သူ ပူးပေါင်းဆောင်ရွက်မှု (Public-Private-Community Partnership - PPCP) ပုံစံဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရန် အထူးလိုအပ်လှပါသည်။

မျိုးစေ့ဆိုင်ရာ ဥပဒေတစ်ရပ် ပို့မိုနိုင်မာစွာ ပေါ်ထွန်းလာရန် လိုအပ်မှု

နိုင်ငံတော်၏ မျိုးစေ့ကဏ္ဍ လုံခြုံစိတ်ချရမှု ရှိစေရန်အတွက် မျိုးစေ့ဥပဒေ (Seed Law)နှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများ ပို့မိုခိုင်မာ အားကောင်းရန် လိုအပ်ပါသည်။ မျိုးစေ့အတုအပများ၊ အရည်အသွေးမမီသော တင်သွင်းမျိုးစေ့များနှင့် တရားမဝင် ရောင်းချမှုများကို ထိရောက်စွာ အရေးယူနိုင်သည့် ဥပဒေရေးရာ အကာအကွယ်များရှိမှသာ တောင်သူများ၏ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ရရှိမည်ဖြစ်သည်။

ထို့အပြင် မျိုးစေ့ဥပဒေနှင့်အညီ အမျိုးသား မျိုးစေ့ကော်မတီ (NSC)တွင် စနစ်တကျမှတ်ပုံတင် ထားသော မျိုးစေ့များကိုသာ ဈေးကွက်အတွင်း ဖြန့်ဖြူးခွင့်ပြုခြင်း၊ မျိုးစေ့အရည်အသွေး စစ်ဆေးသည့် ဓာတ်ခွဲခန်းများ တိုးချဲ့တည်ထောင်ခြင်းတို့ဖြင့် မျိုးစေ့ထုတ်လုပ်သူများနှင့် အသုံးပြုသူ တောင်သူများအကြား ယုံကြည်မှုနှင့် တရားဥပဒေစိုးမိုးမှုကို ခိုင်မာစွာ တည်ဆောက်သွားရမည် ဖြစ်သည်။

"မျိုးစေ့မမှန် အပင်မသန်" မှသည် Agro-based နိုင်ငံတော်ဆီသို့

"မျိုးစေ့မမှန် အပင်မသန်" ဆိုသည့်စကားသည် စိုက်ပျိုးရေးလုပ်ငန်း၏ ပျက်စီးခြင်းနှင့် အောင်မြင်ခြင်းကို ပိုင်းခြားပေးသော ဒဿနတလိန်းစကား ဖြစ်ပါသည်။ မျိုးစေ့မှန်ကန်စစ်မှန်မှသာလျှင် စိုက်ပျိုးရေးလုပ်ငန်းများ စနစ်တကျအောင်မြင်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်အကြီးအကဲများ၏ မျှော်မှန်းချက်ဖြစ်သည့် စိုက်ပျိုးရေးကို အခြေခံသော စက်မှုနိုင်ငံ (Agro-based Economy) ဆီသို့ အရှိန်အဟုန်ဖြင့် တက်လှမ်းနိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေးထုတ်ကုန်များ၏ အောက်ခြေအုတ်မြစ်ဖြစ်သည့် မျိုးစေ့ဆိုင်ရာ နည်းပညာများနှင့် ထုတ်လုပ်မှုစနစ်များ ခိုင်မာလာပါက ပြည်တွင်း ပို့လျှစွာထုတ်လုပ်နိုင်ရုံမျှမက ပြည်ပသို့ အရည်အသွေးမီ စိုက်ပျိုးရေးထုတ်ကုန်များ ပို့မိုတင်ပို့နိုင်မည်ဖြစ်ရာ အမျိုးသားစီးပွားရေး တိုးတက်ရေး အတွက် အဓိက စိမ်းလန်းသော အင်ဂျင်တစ်ရပ် ဖြစ်လာမည်မှာ မလွဲကောန်းဖြစ်သည်။

မြေကြီးမှ ရွှေသီးသည့် အနာဂတ်ရွှေဧကေါ်ကြီး

မျိုးစေ့ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းသည် သာမန်စိုက်ပျိုးရေးလုပ်ငန်းတစ်ခု မဟုတ်ဘဲ အမျိုးသားအဆင့် မဟာဗျူဟာမြောက် လုပ်ငန်းစဉ် ဖြစ်ပေသည်။ ဤမျိုးစေ့ဆိုင်ရာ အသိပညာပေးဆောင်းပါးမှတစ်ဆင့် စိုက်ပျိုးရေး တောင်သူကြီးများ၊ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများ၊ နည်းပညာအဖွဲ့အစည်းများနှင့် တောင်သူလယ်သမား ဘဝမြှင့်တင်ရေး ပေါင်းစည်းအသင်းတို့ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါသည်။

မိမိတို့အားလုံး၏ စုစည်းညီညွတ်သော အင်အား ဖြင့် အရည်အသွေးစစ်မှန်သော မျိုးစေ့များကို စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးပေးသွားမည်ဆိုပါက မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာပြီး စိုက်ပျိုးရေးတောင်သူကြီးများ၏ လက်ဝယ်တွင် "မြေကြီးမှ ရွှေသီးသည့် အနာဂတ် ရွှေဧကေါ်ကြီး"ဆီသို့ မုချဧကန် ရောက်ရှိတော့မည် ဖြစ်ကြောင်း လေးစားစွာဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

> **" မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းသည် စိုက်ပျိုးရေးကဏ္ဍ၏ ပထမဦးဆုံးနှင့် အရေးအကြီးဆုံးသော စတင်ရာ စက်ဝန်းဖြစ်သည်။ အရည်အသွေးမှန်ကန်ပြီး မျိုးဗီဇသန့်စင်သည့် မျိုးစေ့များကို တောင်သူများလက်ဝယ်သို့ အချိန်မီရောက်ရှိ ဖြန့်ဖြူးပေးနိုင်ခြင်းသည် စိုက်ပျိုးရေးထုတ်ကုန်များ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးရုံမျှမက အမျိုးသားစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပပို့ကုန် တိုးမြှင့်ရေး အတွက်ပါ ပံ့ပိုးပေးနေသည့် အဓိကဒေါက်တိုင်ဖြစ် "**



အိမ်တွင်းသုံးရေ ချွေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန် ပြုပြင်ပါ။



အိမ်တွင်းသုံးရေ ချွေတာရေး

အသုံးပြုပြီးသည့် ရေကို ပြန်လည်သုံးစွဲနိုင်ရန် စီစဉ်ပါ။ (ဥပမာ-ဟင်းသီးဟင်းရွက် ဆေးကြော ထားသော ရေများ၊ ဆန်ဆေးရည်များကို အပင် ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် တန်ဆောင်တိုင် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ ဖွင့်ပွဲကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၆ ခုနှစ် တန်ဆောင်တိုင် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို ယနေ့မှ နိုဝင်ဘာ ၂၄ ရက်အထိ နေ့စဉ်နံနက်ပိုင်းမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စက်မှုဇုန်များနှင့် MSME လုပ်ငန်းရှင်များ အပြင်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ UMFCCI အသင်းချုပ်နှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ ပါဝင်ကြပြီး ကျောင်းသားလူငယ်များ စာဖတ်ရှုခြင်းမြေများစေရန် စာအုပ်အရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများနှင့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ပြခန်းများအပါအဝင် စုစုပေါင်းဆိုင်ခန်း ၆၀၀ ကျော်ဖြင့် ဖွင့်လှစ်ပြသရောင်းချလျက်ရှိရာ ပွဲတော်ရက်များအတွင်း အလှူရှင်များက နေ့စဉ်စတုဒိသာကျွေးမွေးခြင်းနှင့် ရုပ်ရှင်၊ သဘင်နှင့် ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်ကာ ပွဲတော်လာပြည်သူများ သွားလာရေးအဆင်ပြေလွယ်ကူစေရန် အကြိ။ အပို့ကားများ စီစဉ်ဆောင်ရွက်ထားရှိပြီး အလုပ်နံခင်းများ၊ အလှစီများ၊ မီးပုံးပျံလွှတ်တင်ခြင်းနှင့် မီးရှူးမီးပန်းများ ပစ်ဖောက်မည်ဖြစ်၍ မည်သူမဆို ပျော်ရွှင်စွာလာရောက် ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် တန်ဆောင်တိုင် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာမျိုးသော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘင်ခရာအဖွဲ့နှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များက ဖျော်ဖြေတင်ဆက်ကပြနေမှုများကို ကြည့်ရှုအားပေးပြီး ဖျော်ဖြေရေးအဖွဲ့များကိုဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ရန်ကုန်တိုင်းဒေသကြီးနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၏ ဈေးဆိုင်ခန်းများ၊ မြန်မာ့ရိုးရာပန်းပညာနှင့် လက်မှုအနုပညာပြခန်း၊ နေရောင်ခြည်စွမ်းအင်အသုံးချနည်းပညာပြခန်း၊ အလှမွေးငါးအိမ်မွေးတိရစ္ဆာန်၊ တွားသွားသတ္တဝါ အရောင်းပြခန်း စသည်တို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ နွဲ့ထက်ကို(ပြန်/ဆက်)

ရန်ကုန်မြို့တွင်း ကောဘယ်ကြိုးများ သွယ်တန်းရာတွင် စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် စက်ပစ္စည်းများကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ အသုံးပြုဆောင်ရွက်ကြရန် ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင် မှာကြား



ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်မြို့တွင်း ကောဘယ်ကြိုးများ သွယ်တန်းရာတွင် စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် စက်ပစ္စည်းများကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ အသုံးပြုဆောင်ရွက်ကြရန် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ယနေ့ နံနက်ပိုင်းတွင် စစ်ကျောင်းမြို့နယ်ရှိ ဟံသာဝတီရုံး၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီများမှ ထို့ပြင် ဆက်သွယ်ရေးတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရည်အသွေးပြည့်ဝပြီး သင့်တင့်မျှတသည့်နှုန်းထားများဖြင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရေး ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးသွားရန်၊ ရန်ကုန်မြို့တွင်း ကောဘယ်ကြိုးများကို သွယ်တန်းရာတွင် စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် စက်ပစ္စည်းများကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ကြရန်၊ ရေရှည်စီမံချက်အနေဖြင့် ကောင်းကင်ကောဘယ်ကြိုးများကို မြေအောက်ကောဘယ်လိုင်းများအဖြစ် အဆင့်အလိုက် ပြောင်းလဲဆောင်ရွက်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ Novotel Yangon Hotel ၌ ကျင်းပသည့် မြန်မာနိုင်ငံ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာ့ဆက်သွယ်ရေး ကဏ္ဍအား တစ်ခေတ်ပြောင်းလဲမည့် အနာဂတ် 5G နည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ မြို့ကြီးများသာမက ကျေးလက်ဒေသအထိပါ ဆက်သွယ်ရေးကွန်ရက် ကျယ်ကျယ်ပြန့်ပြန့် ကွန်ရက်ဖြန့်ကြက်နိုင်စေရေးသာမက ဝန်ဆောင်မှုအရည်အသွေးကိုလည်း ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်၊ ကြုံတွေ့ရသည့်အခက်အခဲများကို အားလုံး ပိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်


နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၂၁

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာ ရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ် သမုဒ္ဒရာအရှေ့အလယ်ပိုင်းတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်မှာ ပုံမှန်အပူချိန်အထက်သို့ ၂ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ်မှ ၂ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်အထိ ပိုနေပြီး လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသော အယ်လ်နီညို အခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် အယ်လ်နီညိုအမြင့်ဆုံး အခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညို ဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ မိုးရွာသွန်းမှုပုံစံ မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက် မိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများဖြစ်ပေါ်လာနိုင်ခြင်း၊ အပူလွှဲပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှ တစ်ဆင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်ခြင်း၊ ရေလှောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အား လိုအပ်ချက် မြင့်မားလာခြင်းတို့ဖြစ်ပေါ်နိုင်ပါသဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒသဥန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။



NINO 3.4 ဧရိယာတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်ထက် ၂.၄ ဒီဂရီဆဲလ်စီးယပ်မှ ၂.၇ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

မြန်မာ့အလင်း



တပ်ကုန်းမြို့နယ်၌ တတိယအကြိမ်မြောက် မြန်မာ့ရိုးရာနွားလှည်းယဉ်ကြေးနှင့် နွားအလှပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

တပ်ကုန်း နိုဝင်ဘာ ၂၁

နေပြည်တော် တပ်ကုန်းမြို့နယ်၌ တတိယအကြိမ်မြောက်ကျင်းပသည့် မြန်မာ့ရိုးရာနွားလှည်းယဉ်ကြေးနှင့် နွားအလှပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့အားကစားကွင်း၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျ၊ ဥတ္တရရုံးငြိစီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ပြိုင်ပွဲဝင်လာသည့် မြန်မာ့ရိုးရာနွားလှည်းယဉ်ကြေးနှင့် နွားအလှများစီတန်းလှည့်လည်ပြသခြင်းနှင့် တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းတို့ဖြင့် ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ခဲ့သည်။

တပ်ကုန်းမြို့နယ်အတွင်းရှိ နွားလှည်းယဉ်ကြေးနှင့် နွားအလှများဖြစ်သည့် လှည်းအစီးရေ ၂၀ ပါဝင်ယှဉ်ပြိုင်၍ (A) အဖွဲ့နှင့် (B)အဖွဲ့ အုပ်စုခွဲယှဉ်ပြိုင်ကာ ပထမဆုငွေကျပ်သိန်း ၅၀၊ ဒုတိယဆုငွေကျပ်သိန်း ၃၀၊ တတိယဆုငွေကျပ်သိန်း ၂၀၊ အထူးဆုများနှင့် နွားလှည်းယဉ်ကြေးနှင့် နွားအလှပြိုင်ပွဲဝင်တိုင်းကိုလည်း ချီးမြှင့်ငွေများ ပေးအပ်မည်ဖြစ်ကြောင်း မြို့နယ်ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။ တင်စိုးလွင်

ရွှေစာရံစေတီတော်တွင် ရွှေထီးတော်ဘုံအဆင့် သုံးဆင့် တင်လှူပွဲ ကျင်းပ

ပုသိမ်ကြီး နိုဝင်ဘာ ၂၁

သမိုင်းဝင်ရွှေစာရံစေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်သစ်တင်လှူပွဲကို ရပ်ဝေးရပ်နီးမှ ခုနစ်ရက်သားသမီးများ၊ စေတနာရှင် ပြည်သူများ စုပေါင်းလှူဒါန်းမှုဖြင့် နိုဝင်ဘာ ၁၉ ရက်က ရွှေထီးတော်ဘုံအဆင့် သုံးဆင့် တင်လှူပူဇော်ခြင်း အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် လာရောက်ဖူးမြော် ကြည်ညိုကြသူများကဆရာတော်၊သံဃာတော် အရှင်သူမြတ်တို့ထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ရွှေထီးတော် ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်း၍ မင်္ဂလာရထားပုံဖြင့် တင်လှူပူဇော်ကြသည်။

နိုဝင်ဘာ ၂၀ ရက်တွင် ပင့်သံဃာ ၁၈ ပါးဖြင့် ရွှေထီးတော် အလယ်ဘုံ အဆင့် လေးဆင့်တို့အား ရထားပုံဖြင့် တင်လှူပူဇော်ပြီး နိုဝင်ဘာ ၂၁ ရက်တွင် နိဂုံးတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ထံမှ ရေစက်ချတရားနာယူကြည်ညိုပြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်တို့ကို မင်္ဂလာရထားပုံဖြင့် ပင့်ဆောင်တင်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေရန်ကင်း

ချောက်မြို့နယ်၌ သဘာဝဘေး ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသ

ချောက် နိုဝင်ဘာ ၂၁

ချောက်မြို့နယ်တွင် သဘာဝဘေးဖြစ်ပွားပါက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး မြို့နယ်မီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ စုဖွဲ့ထားသရုပ်ပြမှုကို နိုဝင်ဘာ ၁၉ ရက်က အမှတ်(၁၄)ရပ်ကွက် မြို့နယ်မီးသတ်တပ်ဖွဲ့ စခန်း၌ ဆောင်ရွက်ရာ မြို့မီးသတ်တပ်ဖွဲ့ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်း ဦးဆောင်သည့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ဘေးအန္တရာယ်ဖြစ်ပွားမှုအပေါ် မူတည်၍ ကဏ္ဍအလိုက် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများအား လက်တွေ့အသုံးပြုမှုများ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ လူမှုရေးအသင်းများပူးပေါင်း၍ သရုပ်ပြကြသည်။



အဆိုပါသရုပ်ပြခြင်း အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်နှင့် တာဝန်ရှိသူများက သရုပ်ပြမှုများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)

နောင်ချိုမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

နောင်ချို နိုဝင်ဘာ ၂၁

နောင်ချိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ၂၀၂၆ ခုနှစ် ဒီဇင်ဘာလအတွင်း တိရစ္ဆာန်ကောင်ရေစာရင်း အပြီးသတ်ကောက်ယူနိုင်ရေးအတွက် ရှေ့ပြေး တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းကို နိုဝင်ဘာ ၁၈ ရက်က ဆောင်ရွက်ခဲ့သည်။



လုံရုံးကျေးရွာ၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရန် အတည်ပြု ရွေးချယ်ထားသော ရပ်ကွက်/ကျေးရွာ အုပ်စုအသီးသီးမှ ကောင်ရေစာရင်းကောက် ဆင့်ပွားသင်တန်းဆင်း စာရင်းကောက်တာဝန်ခံများဖြင့် ဆောင်ရွက်ခဲ့ရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်နှင့် တာဝန်ရှိသူများက ကောင်ရေစာရင်း၊ ဇယား၊ ကိန်းဂဏန်းများ မှန်ကန်စွာ ရရှိနိုင်ရေးနှင့် စာရင်းကောက်ယူဖြည့်သွင်းခြင်း လွဲမှားမှုမရှိစေရေး မြေပြင်ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ပြီး လုံရုံးကျေးရွာရှိ အိမ်ထောင်စု ၈၀ အား ရှေ့ပြေးတိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အောင်လံမြို့နယ်အတွင်း ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်

အောင်လံ နိုဝင်ဘာ ၂၁

သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်အောင်သန့်နှင့် တာဝန်ရှိသူများက ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့က ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)က လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။



အောင်လံမြို့နယ်အတွင်း ပြည်ထောင်စု(ငွေလုံး ငွေရင်း)ရန်ပုံငွေဖြင့် မြေနီခင်းခြင်းလုပ်ငန်း(၂/၄)မိုင်၊ မြေထိန်းနံရံတစ်စင်း၊ ရေကျော်တစ်စင်း၊ တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် မြေနီခင်းခြင်းလုပ်ငန်း(၁/၀.၈၅)မိုင်၊ ကျောက်ချောခင်းခြင်းလုပ်ငန်း(၀/၂)မိုင်၊ Box Culvert ငါးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နော်လူး

ငပုတောမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

ငပုတော နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၉ ရက်က လိပ်ချောင်းကျေးရွာအုပ်စုနှင့် ဖျန်ရေကျော်ကျေးရွာတို့၌ ကျင်းပသည်။



ဦးစွာ လိပ်ချောင်းကျေးရွာအုပ်စုရှိ တောင်သူ ဦးမြင့်ဝင်း၏ ကွင်းအမှတ် (၁၃၈၃) လယ်မြေ ခုနစ်ဧကအနက်မှ စိုက်ပျိုးထားသော မနေသာသုခ စပါးမျိုး ၀ ဒသမ ၃၀ ဧကကို စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အစိုတင်း ၁၁၁ ဒသမ ၉၆ တင်းနှင့် အခြောက်တင်း ၉၆ ဒသမ ၃၀ တင်းနှုန်း ထွက်ရှိခဲ့သည်။

ဆက်လက်၍ ဖျန်ရေကျော် ကျေးရွာရှိ တောင်သူ ဦးတင်ထွန်း၏ ကွင်းအမှတ် (၁၃၇၂) လယ်မြေ ၂ ဒသမ ၇၇ ဧကအနက်မှ စိုက်ပျိုးထားသော ပေါ်ဆန်းစပါးမျိုး ၀ ဒသမ ၁၀ ဧကကို စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အစိုတင်း ၇၀ ဒသမ ၆၅ တင်းနှင့် အခြောက်တင်း ၆၀ ဒသမ ၈၆ တင်းနှုန်း ထွက်ရှိခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦး၊ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)



မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

နေပြည်တော် နိုဝင်ဘာ ၂၁

နေပြည်တော်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးနှင့် ယာဉ်စက်ယန္တရားများ၊ ဝန်ထမ်းအိမ်ရာများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို နိုဝင်ဘာ ၁၈ ရက်က အဆိုပါဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ဦးစွာ ဒကွဲဏသိရိမြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးဝေလျံထွေးက အယ်လ်နီညိုကာလအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ဆောင်ရမည့်အချက်များ၊ ရုံးအဆောက်အအုံဝန်းကျင်တွင် မီးသတ်ဆေးဘူးများ၊ မီးချိတ်မီးကပ်များ၊ ရေပုံးများ ထားရှိရေးနှင့် မီးဘေးအန္တရာယ်ကျရောက်ချိန်တွင် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အသိပညာပေးဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက တာဝန်ရှိသူများနှင့်အတူ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ကြသည်။

ငြိမ်းသူ



စေတုတ္တရာမြို့နယ်၌ အယ်လ်နီညိုရာသီဥတုအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး

စေတုတ္တရာ နိုဝင်ဘာ ၂၁

စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၉ ရက်က ခြင်ပြဲစကိုင်းကျေးရွာ၌ ကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ထွန်းက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကြိုတင်ဆောင်ရွက်ရမည့်အချက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်၍ ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များ၊ အပူဒဏ် ကာကွယ်ရေးဆိုင်ရာ သတိပြုလိုက်နာရမည့်အချက်များကို အသိပညာပေး ဟောပြောသည်။

ထို့နောက် သောက်သုံးရေရှားပါးမှုများ မဖြစ်ပေါ်စေရေး ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အထွေး

အယ်လ်နီညိုရာသီဥတုကြောင့် မီးလောင်မှုမဖြစ်ပွားစေရေး ဆောင်ရွက်

ရေကြည် နိုဝင်ဘာ ၂၁

ရေကြည်မြို့နယ် မီးသတ်ဦးစီးဌာနမှ အသုတ်မြို့အတွင်းရှိ စက်ရုံအလုပ်ရုံများသို့ အယ်လ်နီညိုရာသီဥတုကြောင့် မီးလောင်မှုမဖြစ်ပွားစေရေး အတွက် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေကြည်မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးစိုးနိုင်နှင့် တပ်ဖွဲ့ဝင်များက ခွင့်ပြုချက်မရှိဘဲ လောင်စာဆီ သိုလှောင်ခြင်း ရောင်းချခြင်းမပြုရန်၊ မီးဘေးလုံခြုံရေးအတွက် ရေပုံး၊ သဲပုံး၊ မီးချိတ်မီးကပ်၊ မီးသတ်ဆေးဘူးများ ထားရှိရန်၊ ပေါက်ပြဆွေးမြည့်နေသော လျှပ်စစ်ဝိုင်ယာကြိုးများ အသုံးမပြုရန်၊ မီးဘေးကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးပြီး မီးသတ်ဆေးဘူးများဖြင့် စက်ရုံအလုပ်ရုံရှိ လုပ်သားများအား ကိုယ်တိုင်လက်တွေ့မီးငြိမ်းသတ် သရုပ်ပြပြသခြင်းများ ပြုလုပ်ပေးပြီး မီးဘေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ကျောင်းကုန်းမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

ကျောင်းကုန်း နိုဝင်ဘာ ၂၁

ကျောင်းကုန်းမြို့နယ် ဒိုးတန်းအုပ်စု အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ လူငယ်စကားဝိုင်းကို ယမန်နေ့က ကျင်းပရာ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ကြည်တို့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်ပိုပို့ဇင်နှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး တို့က အသိပညာပေးဆွေးနွေးပြီး လူငယ်နှင့်ပရဟိတ ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်း ကျင်းပရာ ကျောင်းသား ကျောင်းသူများက ဆွေးနွေးကြပြီး သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်သူက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



ထို့နောက် အယ်လ်နီညိုရာသီဥတုဆိုင်ရာနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးတို့ကို ဟောပြောခဲ့ကြသည်။ **ဝင်းကြိုင် (ပြန်/ဆက်)**

မုဒုံမြို့၌ အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ အိမ်ခြံဥယျာဉ်စိုက်ပျိုးနည်းပညာပေး

မုဒုံ နိုဝင်ဘာ ၂၁

မွန်ပြည်နယ် မုဒုံမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ အိမ်ခြံဥယျာဉ် (Home Garden) စိုက်ပျိုးနည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့က အထက(၁) ကျောင်း၌ ကျင်းပပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းချမ်းကျော်က အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများနှင့် ဆောင်ရန်/ရှောင်ရန်အချက်များ၊ အိမ်ခြံဥယျာဉ်စိုက်ပျိုးနည်းပညာများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။



အဆိုပါ အသိပညာပေးပွဲသို့ မြို့နယ်ပညာရေးမှူးရုံး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)

ချောင်းဆုံမြို့နယ်ရှိ အခြေခံပညာကျောင်း မုန့်ဈေးတန်းများအား အစားအသောက်များ ဘေးကင်းလုံခြုံမှုရှိစေရေး ဆောင်ရွက်

ချောင်းဆုံ နိုဝင်ဘာ ၂၁

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ဖွင့်လှစ်သင်ကြားနေသည့် အခြေခံပညာ ကျောင်းများ၌ ဖွင့်လှစ် ရောင်းချလျက်ရှိသော ကျောင်း မုန့်ဈေးတန်းများကို သတ်မှတ်စည်းကမ်းချက်များနှင့် အညီ ရောင်းချခြင်း ရှိ၊ မရှိကို ယမန်နေ့က အထက (ကွမ်သဲ) ကျောင်းနှင့် အထက(ချောင်းဆုံ) ကျောင်းတို့တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောင်းမုန့်ဈေးတန်းများ၌ ရောင်းချလျက်ရှိသော စားသောက်ဖွယ်ရာများ၏ အရည်အသွေး၊ သန့်ရှင်းသပ်ရပ်မှုနှင့် စားသုံးရန် ဘေးကင်းလုံခြုံမှု ရှိစေရေးတို့ကို ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများက ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချသည့် မုန့်နှင့် စားသောက်ဖွယ်ရာများ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်ခဲ့သည်။ **ကိုကျော်(ချောင်းဆုံ)**

ပန်းတနော်မြို့နယ် သမဝါယမအသင်းစုလိမိတက်၏ အမှုဆောင်သစ်ရွေးချယ်

ပန်းတနော် နိုဝင်ဘာ ၂၁

ပန်းတနော်မြို့နယ် သမဝါယမအသင်းစုလိမိတက်၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ခြင်းကို ယမန်နေ့က မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်သမဝါယမအသင်းစုလိမိတက် သဘာပတိ ဦးစန်းမောင်နှင့် မြို့နယ်ကြီးကြပ်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်အောင်တို့က ဦးဆောင်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမှုဆောင်ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို



ဖတ်ကြား၍ အသင်းဝင်ကိုယ်စားလှယ်များထံမှ အတည်ပြုချက်ရယူသည်။ ထို့နောက် အမှုဆောင်ဒါရိုက်တာအဖွဲ့သစ် ရွေးချယ်တင်မြှောက်ခြင်း ဆောင်ရွက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

လဟယ်မြို့၌ စာဖတ်ရှုနိုင်ခြင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

လဟယ် နိုဝင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့တွင် လူငယ်စကားဝိုင်းကို ယနေ့နံနက်က လဟယ်မြို့ အခြေခံပညာနှင့် စက်မှုစိုက်ပျိုး၊ မွေးမြူရေးနှင့် အထက်တန်းကျောင်း ချယ်ရီမြို့ခနဲ့မခွဲကျင်းပရာ မြို့နယ်ဒုတိယပညာရေးမှူး ဦးစောဆွေဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိတို့က လူငယ်စကားဝိုင်း ကျင်းပရခြင်း



ရည်ရွယ်ချက်များကို ရှင်းလင်းသည်။

ထို့နောက် စကားဝိုင်းကို စတင်ရာ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် အနာဂတ်၊ ဘဝတိုးတက်ရေးနှင့်အသိပညာ၊ လူငယ်နှင့် အချိန်၏တန်ဖိုး၊ စာဖတ်ခြင်းနှင့် အသိပညာခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ ယင်းနောက် သုတ/ရသ စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များကို လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မြန်အောင်မြို့နယ်၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

မြန်အောင် နိုဝင်ဘာ ၂၁

မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်တင်အောင်နှင့် တာဝန်ရှိသူများသည် ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ တောင်ပတ်လည်ကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် ၃ ဒသမ ၇၈၇ ဖာလုံအား အကျယ် ၈ ပေ ၆ လက်မ၊ အမြင့် ၃ ပေ မြေသားလမ်းတိုးချဲ့ခြင်း၊ အကျယ် ၁၆ ပေ၊ အမြင့် တစ်ပေ မြေသား တာပေါင်တင်ခြင်း၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မ ချောင်းကျောက်ခင်းခြင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများကို နိုဝင်ဘာ ၂၀ ရက်က ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါကျေးရွာကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၉၅ ဒသမ ၈၈ သန်းဖြင့် ဇူလိုင် ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၄၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အထွေး

လှိုင်သာယာအရှေ့ပိုင်းမြို့နယ်၌ ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ် ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၁

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း သဘောတူစာချုပ် (UNCRC) (၃၀)နှစ်မြောက် ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ်အဖြစ် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန အနှိုင်းမဲ့မေတ္တာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၌ ကျင်းပရာ အနှိုင်းမဲ့မေတ္တာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှ ကလေးငယ်များက မေတ္တာစက်ဝိုင်းသီချင်းဖြင့် ကပြသီဆိုဖျော်ဖြေကြ၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ချီးမြှင့်ပြီး ကလေးများအား တစ်ကိုယ်ရေသန့်ရှင်းရေးအသိပညာပေးခြင်း၊ ကစားနည်းများနှင့် အမှတ်တရဆုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ရန်လင်း**



ဝိုင်းပျဉ်းမြို့နယ် နားကောက်ကျေးရွာ၊ ဝမ်နားကျေးရွာနှင့် ဟိုဝိုကျေးရွာတို့၏ ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာစေရန်နှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း စီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို နိုဝင်ဘာ ၂၀ ရက်က ဆောင်ရွက်ရာ မြို့နယ်ဦးစီးမှူး ဦးစိုင်းလောင်မှိုင်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးစီအား ရွေးချယ်ပေးခဲ့ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်း ဆောင်ရွက်စဉ်။ နန်းသန္တာဦး(ပြန်/ဆက်)



ဝမ်းတွင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးထွန်း၊ သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၀ ရက်တွင် သဲတော အမှတ်(၁)ရပ်ရှိ လူနေအိမ်များ၌ မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးခြင်း၊ လိုအပ်သည်များကို အကြံပြုခြင်းနှင့် အသိပညာပေးခြင်းများ၊ မီးသတ်ဆေးဘူး စနစ်တကျ အသုံးပြုနည်းပြသခြင်းများ ဆောင်ရွက်စဉ်။ ကိုအောင်



တောင်ငူမြို့နယ် မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ နိုဝင်ဘာ ၂၀ ရက်က တောင်ငူမြို့ရှိ နေအိမ်များနှင့် စက်ရုံ/အလုပ်ရုံများသို့ သွားရောက်၍ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးများနှင့် ရေလောင်းကန်များ စနစ်တကျထားရှိရေးတို့ကို စစ်ဆေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

ရေခဲ့ချေတာရေးနည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်ကို တိုက်ရိုက်အသုံးမပြုဘဲ ရေဖြည့်ထားသော ပုံးကိုသာ အသုံးပြု၍ ဆေးကြောရမည်။
- ပန်းပင်များနှင့် ဥယျာဉ်များကို ရေလောင်းရာတွင် ရေပိုက်ဖြင့် မလောင်းဘဲ ရေဖြည့်ထားသော ရေလောင်းပုံးကိုသာ အသုံးပြုသင့်သည်။



ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ သမိုင်းဆိုင်ရာစာအုပ်များထွက်ရှိလာ

ဒေါ်ညိုညိုတင်၏ လက်ရွေးစဉ်စာတမ်းများ



ဒေါ်ညိုညိုတင်၊ အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ ရေးသားထားသော ဒေါ်ညိုညိုတင်၏ လက်ရွေးစဉ်စာတမ်းများ စာအုပ်သည် ကုန်းဘောင်ခေတ် ဗဒုံမင်းလက်ထက် အမိန့်တော်များ စစ်တမ်းများကို အခြေပြု၍ ရေးသားထားသော စာတမ်းများ များစွာပါဝင်သဖြင့် ကုန်းဘောင်ခေတ်ကို အထူးပြုလေ့လာနေကြသော သုတေသီများအတွက် ရည်ရွယ်ပြီး ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထုတ်ဝေဖြန့်ချိလိုက်ပါသည်။ ထိုစာအုပ်သည် ပုဂံခေတ် ကျောက်စာလေ့လာချက်စာတမ်းအပါအဝင် ကုန်းဘောင်ခေတ်ကို ဦးစားပေးထားသော စာတမ်းများဖြစ်ပါသည်။ ဗဒုံမင်း၏ စာတမ်းများကို အခြေခံ၍ စီးပွားရေး၊ အုပ်ချုပ်ရေးအခြေအနေများကို အဓိကထား ရေးသားထားပါသည်။ ထို့အပြင် အင်္ဂလိပ်ဘာသာဖြင့် သမိုင်းနှင့် ပညာရေးဆိုင်ရာ အကြောင်းအရာများကို ရေးသားဖော်ပြထားပါသည်။ ထိုစာအုပ်တွင် မြန်မာဘာသာဖြင့် ရေးသားထားသော စာတမ်း (၁၀)စောင်နှင့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာတမ်း(၃)စောင်ပါဝင်သဖြင့် ဖတ်ရှုသူများအတွက် မှတ်သားဖွယ်ရာကောင်းသော ဗဟုသုတများရရှိမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။ အဆိုပါစာအုပ်ကို တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

မြန်မာသမိုင်းသုတေသနစာစောင် (၄၆)



ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် မြန်မာသမိုင်းသုတေသနစာစောင်ကို ၁၉၉၅ ခုနှစ်မှ စတင်၍ ထုတ်ဝေခဲ့ရာ ယခု ၂၀၂၆ ခုနှစ်တွင် သုတေသနစာစောင် အမှတ် (၄၆) အထိ ထုတ်ဝေပြီးဖြစ်ပါသည်။ မြန်မာသမိုင်းသုတေသနစာစောင်တွင် မြန်မာသမိုင်းပညာရှင်ကြီးများ၏ သုတေသနစာတမ်းများ၊ မြန်မာပြည်အရပ်ရပ်မှ တက္ကသိုလ်များရှိ သမိုင်းဌာနနှင့် ရှေးဟောင်းသုတေသနမှ ဆရာ ဆရာမများ၏ သုတေသနစာတမ်းများ၊ သမိုင်းသုတေသနဦးစီးဌာနမှ သုတေသနဝန်ထမ်းများနှင့် ပြင်ပသုတေသီများ၏ သုတေသနပြုချက်မှ ရရှိလာသော ခေတ်ကာလအသီးသီးအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် သက်ဆိုင်သည့် သုတေသနစာတမ်းများ ပြုစုရေးသားထုတ်ဖော်ထားပါသည်။ ထိုသုတေသနစာစောင်တွင် ဒေါက်တာစိန်မြင့်၏ The Spread of BUDDHISM And Attempts of King Dhammaceti In RĀMĀNYA Desa 15th Century A.D (Approach by epigraphic source: the Kalyani Inscription), ဒေါက်တာနှင်းယုခိုင်၏ Significant Events in the Surrounding of the Shwedagon Pagoda (1824–1988)၊ ဒေါက်တာလွဲလွဲဝင်း၏ ကျိုင်း(ခ)ကျိုင်းမြို့ဟောင်း၊ ဒေါက်တာ သူဇာညွန့်၏ မြန်မာမင်းများနှင့် လက်ဆောင်ပဏ္ဏာဆက်သခြင်းအလေ့အထ၊ ဒေါ်ရီရီဝင်း၏ နေဝင်ဘုရင်တို့၏ ဟော်နန်းများ၊ ဒေါက်တာခင်သီတာ၏ မြန်မာနိုင်ငံစာရေးဆရာအသင်း (၁၉၄၂–၄၅)၊ ဒေါက်တာမွန်သီရိစိုး၏ ရခိုင်ဒေသနိုင်ငံရေးပြောင်းလဲမှုအခြေအနေများကို လေ့လာတင်ပြခြင်း (၁၉၄၅–၁၉၄၈)၊ ဦးသန်းလွင်၏ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု(ပမည၀တ)နှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲစသည့်သုတေသနစာတမ်း (၈) စောင်ပါဝင်သဖြင့် စာဖတ်သူများအနေဖြင့် မြင့်မားသော အသိဉာဏ်ပညာများကို ရရှိစေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။ အဆိုပါစာအုပ်ကို တန်ဖိုးငွေကျပ် ၁၃၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ရွှေစည်းခုံပျို့(ပထမတွဲ)




ရွှေစည်းခုံပျို့(ပထမတွဲ)သည် ပုဂံခေတ်သမိုင်းကို လေ့လာနေသည့် သုတေသီများ၊ မြန်မာစာနှင့်သမိုင်းအထူးပြုကျောင်းသား ကျောင်းသူများအတွက် များစွာအထောက်အကူဖြစ်စေရန်အတွက် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက်ဦးစီးဌာနမှ ထုတ်ဝေဖြန့်ချိလိုက်ပါသည်။ ရွှေစည်းခုံပျို့ (ပထမတွဲ) တွင် အပိုင်းသုံးပိုင်းပါရှိပြီး ပထမပိုင်းအဖြစ် ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းပေါ်ပေါက်လာပုံမှ ပျူ၊ ကမ်းယံ၊ မြမ္မာသုံးစုကွဲ၍ ပျံ့နှံသွားပုံအထိ ဖော်ပြထားပါသည်။ ဒုတိယပိုင်းအဖြစ် ဘုရားပရိနိဗ္ဗာန်စံပြီးနောက် သင်္ဂါယနာတင်ပုံမှ ရှင်အရဟံရဟန္တာဟု ကျော်ကြားပြီး ပေါက္ကဠာနသို့ ပြောင်းရွှေ့လာပုံကို ဖော်ပြထားပါသည်။ တတိယပိုင်းအဖြစ် ဂေါတမဘုရားရှင်သည် ဖိုးဦးတောင်မှမကွေးတောင်ထိပ်သို့ ကြွရောက်လာပုံမှ အရိမန္ဒနာပေါက္ကံပြည် တည်ထွန်းမည့်နေရာကိုကြည့်၍ ဗျာဒိတ်ထားတော်မူပုံ၊ သမုဒ္ဒရာဓိမင်းတိုင်းပြည် စတင်ထူထောင်ပုံ၊ ပျူစောထီးဆက်ခံပုံမှစ၍ အနော်ရထာထီးနန်းဆက်ခံပုံတို့ကို ပျံ့အသွင်စီရင်ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ရွှေစည်းခုံပျို့ကို ပေမူအတိုင်း ထုတ်ဝေထားပြီး ပေမူပါအကြောင်းအရာများကို မူရင်းအတိုင်းဖတ်ရှုနိုင်ရန် ပေစာများကို ဖော်ပြထားသည့်အပြင် ပေမူကို လွယ်ကူစွာ ဖတ်ရှုနိုင်ရန် စာသားများကိုလည်း ယှဉ်တွဲဖော်ပြထားသည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါသည်။ အဆိုပါစာအုပ်ကို တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

မြန်မာ့အကြိုသမိုင်း



ဒေါက်တာတိုးလှ၊ ဒုတိယဥက္ကဋ္ဌ–၂ မြန်မာသမိုင်းအဖွဲ့ ရေးသားသော မြန်မာ့အကြို သမိုင်းစာအုပ်သည် လူသားဆင့်ကဲဖြစ်စဉ်မှ ကြမ်းတမ်းရိုင်းစိုင်းသော လူ့ဘဝများကို ဖြတ်သန်းကာ ယဉ်ကျေးသော လူသားဖြစ်စဉ် ပေါ်ပေါက်ကွဲပြားလာသည်များကို စာဖတ်သူများ ဗဟုသုတရရှိစေရန် နှင့် မှိုင်မိုက်ကိုးကားနိုင်ရန်အတွက် ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထုတ်ဝေဖြန့်ချိလိုက်ပါသည်။ ထိုစာအုပ်သည် သမိုင်းအဆင့်သို့ မရောက်သေးသောကာလ ဖြစ်၍ လူမှုအဖွဲ့အစည်းမရှိ အုပ်စုငယ်လေးများဖြင့် မှဆိုး၊ တံငါဘဝဖြင့် နေထိုင်ရသောကာလမျိုးမှ စိုက်ပျိုးမွေးမြူရေးများ လုပ်ကိုင်လာတတ်ပြီးနောက် လူမှုအဖွဲ့အစည်းအသွင် ပေါ်ပေါက်လာကာ တိုးတက်လာသောဘဝများကို ရှေ့ဆောင်လာခဲ့ပြီး ပိုမိုယဉ်ကျေးတိုးတက်လာခဲ့သည်များကို အခြေခံ၍ ရေးသားထားပါသည်။ ထိုစာအုပ်တွင် မြန်မာနိုင်ငံ ဘူမိမြေဖြစ်တည်လာပုံ၊ ဇရာဝတီမြစ်ရိုးပေါ်မှလူ၊ ကျောက်ခေတ်သစ်လူနေဒေသများ၊ မြို့ပြယဉ်ကျေးမှုခေတ် စသည်ဖြင့် အခန်း (၆) ခန်း ရေးသားထားပါသည်။ ထိုစာအုပ်သည် စာဖတ်သူများအား အသိပညာ၊ ဗဟုသုတများစွာရရှိမည့်စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါသည်။ အဆိုပါစာအုပ်ကို တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ကြေးခေတ်၊ သံခေတ်၊ မြို့ပြအကြိုကာလ



ဒေါက်တာစိန်မြင့်၊ အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ ရေးသားသော၊ ကြေးခေတ်သံခေတ်၊ မြို့ပြအကြိုကာလစာအုပ်သည် မြန်မာ့ခေတ်ဟောင်း သမိုင်းတွင် သမိုင်းအကြိုကာလသို့ ရောက်လာခဲ့သည့် နောက် ရှေးလူ့အဖွဲ့အစည်းသည် အသိပညာများ အတတ်ပညာများဖြင့် တိုထွင်ဖန်တီးကာ အသုံးပြုခဲ့ကြရင်းဖြင့် ကြေးခေတ်၊ သံခေတ်နှင့် မြို့ပြအကြိုကာလတွင်း ကျင်လည်ခဲ့ကြသည်များကို မျိုးဆက်သစ် စာဖတ်သူများဖတ်ရှုရှု မှတ်သားဖွယ် ဗဟုသုတရရှိစေရန်နှင့် ရည်ညွှန်းကိုးကားနိုင်ရန်အတွက် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ဒေါက်တာစိန်မြင့်၊ အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့၏ ကြေးခေတ်၊ သံခေတ်၊ မြို့ပြအကြိုကာလစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ပါသည်။ ထိုစာအုပ်သည် သမိုင်းအထောက်အထားအရ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဟူ၍ ဟန်လင်းမြို့ပြ ပေါ်ပေါက်လာမည့် နေရာတစ်ဝိုက်တွင် ရှေးဟောင်းသုတေသနတူးဖော်မှုမှ ရရှိသော အထောက်အထား၊ မြေပြင်ပေါ်တွေ့အထောက်အထားများပေါ် အခြေခံ၍ ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ ထိုစာအုပ်တွင် မြန်မာ့သတ္တုခေတ်ကာလ မြို့ပြအကြိုကာလ၊ သတ္တုခေတ်၏ ကြေးခေတ်နှင့် သံခေတ်ကာလ သက်တမ်းသတ်မှတ်ချက်၊ ချင်းတွင်းမြစ်အောက်ပိုင်းနှင့် ရွှေဘိုလွင်ပြင်ကြားမှ သမိုင်းမတင်မီ ကာလဒေသရုပ်ဝန်းများ၊ ဧရာဝတီမြစ်ဝှမ်းဒေသ သံခေတ်ကာလရုပ်ဝန်းများ ကြေးခေတ်နှင့် သံခေတ်ကာလမြို့ပိန်းသဂြိဟ်မှု၊ ကြေးခေတ်၊ သံခေတ်မြို့ပြအကြို ကာလ ခန့်မှန်းလူဦးရေ၊ ကြေးခေတ်၊ သံခေတ်ကာလ မြို့ပြအကြိုလူ့အဖွဲ့အစည်း ဖွဲ့တည်မှုဟူ၍ အခန်း(၇)ခန်းဖြင့် ရေးသားထားပါသည်။ အဆိုပါစာအုပ်ကို တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

သမိုင်းစာပဒေသာ



ဦးသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ–၁၊ မြန်မာသမိုင်းအဖွဲ့ ရေးသားသော သမိုင်းစာပဒေသာ စာအုပ်သည် ကုန်းဘောင်ခေတ် နောင်းပိုင်းမင်း၊ မိဖုရား၊ ဝန်ကြီး၊ မှူးမတ်များ၏ လုပ်ဆောင်ချက်များကို ဦးစားပေး ရေးသားထားသဖြင့် ကုန်းဘောင်ခေတ်ကို အထူးပြုလေ့လာနေသော သုတေသီများအတွက် များစွာအထောက်အကူပြုစေရန် ရည်ရွယ်ပြီး ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထုတ်ဝေဖြန့်ချိလိုက်ပါသည်။ သမိုင်းစာပဒေသာစာအုပ်သည် ရွှေအမြွေတေ၊ မဟေသီ၊ ငွေတာရီ၊ သရဖူ၊ ရုပ်ရှင်တေးကဗျာစသော မဂ္ဂဇင်းများမှစာရေးသူ၏ဆောင်းပါးများအနက်လုံးချင်းမထုတ်ရသေးသည့် ဆောင်းပါးပေါင်း (၃၆) ပုဒ်ကို ဖော်ပြထားခြင်းဖြစ်ပါသည်။ ထိုစာအုပ်တွင် ကုန်းဘောင်ခေတ်နောင်းမင်းများဖြစ်သော ပုဂံမင်းနှင့် သီပေါမင်းတို့၏ အကြောင်းအရာများ၊ ကုန်းဘောင်ခေတ် မိဖုရား၊ ဝန်ကြီးများ၏ လုပ်ဆောင်ချက်များ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒီးဒုတိဦးဘချိုတို့၏ အကြောင်းအရာများနှင့် အခြားသော အကြောင်းအရာများကို ဝေဝေဆာဆာ ရေးသားထားသည့် အတွက် ဗဟုသုတများစွာရရှိမည့် စာအုပ်တစ်အုပ်ဖြစ်ပါသည်။ အဆိုပါစာအုပ်ကို တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဤစာအုပ်များကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့်အမျိုးသား စာကြည့်တိုက်ဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ် (၃၅)၊ ဖုန်း ၀၆၇-၄၀၈၃၈၄၊ ၀၆၇-၄၀၈၇၁၈၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၊ ကုမ္ဗဒြာကြာပန်းဝိုင်းအနီး၊ ဖုန်း ၀၆၇-၄၁၈၄၂၆၊ သမိုင်းသုတေသနဌာနခွဲ(ရန်ကုန်) အမှတ်(၈၅–အေ)၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၄၂၀၄၇၁၂၄ နှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အမှတ် (၆၀၄/၆၀၈)၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁–၈၃၇၉၉၄ တို့တွင် ဖြန့်ချိထားပြီး တိုက်ရိုက်ဆက်သွယ် ဝယ်ယူရရှိနိုင်ပါသည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဧလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၂ ရက်မှ ၄ ရက်ခန့်၊ မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

ညအပူချိန်

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့် အထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄ ရက်မှ ၇ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၁ ရက်မှ ၃ ရက်ခန့်၊ နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသ်တမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္ဓီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေတစ်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေတစ်ခန့်၊ ဒွဋတိမြစ်ရေသည် သီပေါမြို့၊ ရွှေဘုရဲနှင့် မြစ်ငယ်မြို့တို့တွင် ပေတစ်မှ တစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေတစ်မှ တစ်ပေခွဲခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေတစ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့နှင့် ဖောင်းတူမြို့တို့တွင် ပေတစ်မှ တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေတစ်ခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေတစ်မှ တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေတစ်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး တိုးမြစ်ရေသည် အမှုပင်မြို့တွင် ပေတစ်ခန့် လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုး/ဧလ

၂၀၂၆ ခုနှစ် နိုဝင်ဘာလ တတိယ (၁၀) ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးရွာသွန်းနိုင်မှုအခြေအနေ

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၈ ဒီဂရီဖာရင်ဟိုက်မှ ၇၈ ဒီဂရီဖာရင်ဟိုက်အတွင်း၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၉ ဒီဂရီဖာရင်ဟိုက်မှ ၈၉ ဒီဂရီဖာရင်ဟိုက်အတွင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၆ ဒီဂရီဖာရင်ဟိုက်မှ ၉၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

နိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၄၇ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅၅ ဒီဂရီဖာရင်ဟိုက်မှ ၆၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၇ ဒီဂရီဖာရင်ဟိုက်မှ ၇၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

လေထုစိုထိုင်းဆအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၇ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၄ ရာခိုင်နှုန်းအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈၅ ရာခိုင်နှုန်းမှ ၉၃ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၅ မိလီမီတာမှ ၂၄ မိလီမီတာအတွင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ၂၅ မိလီမီတာမှ ၃၄ မိလီမီတာအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၅ မိလီမီတာမှ ၄၄ မိလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

ခြေဆီလွှာအောင်းရေအခြေအနေ

ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေ အသီးသီးရှိနိုင်သည်။

မိုး/ဧလ

ပင်းတယမြို့နယ်၌ ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍ အသိပညာပေးဟောပြော

ပင်းတယ နိုဝင်ဘာ ၂၁

ပင်းတယမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ကြိုသက်)၌ ယမန်နေ့က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။



အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကျော်ကျော်သာက သစ်တောဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနည်းလမ်းများ၊ တောမီးလောင်ကျွမ်းမှု မရှိစေရေးနှင့် မီးခိုးမြူငွေ့မဖြစ်ပေါ်စေရေး၊ ရေချွေတာသုံးစွဲခြင်းနှင့် ရေထွက်တော ရေထိန်းတောများ ထိန်းသိမ်းကာကွယ်ရေးအကြောင်းအရာများကို ဆွေးနွေးဟောပြောခဲ့ကာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်သစ်တောဦးစီးမှူးက ပြန်လည်ရှင်းလင်းခဲ့သည်။

အောင်ကိုဦး(ပြန်/ဆက်)

ပုတောမြို့နယ် သက္ကယ်ချောင်းကျေးရွာ၌ တိရစ္ဆာန်စာရင်းကောက်ယူရေးလုပ်ငန်း ဆောင်ရွက်

ပုတော နိုဝင်ဘာ ၂၁

ပုတောမြို့နယ် သက္ကယ်ချောင်းကျေးရွာတွင် ယနေ့နံနက်ပိုင်းက ပုတောမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာအတွင်း တိရစ္ဆာန်စာရင်း ကောက်ယူရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ မြို့နယ်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။



အောင်သူ(ပြန်/ဆက်)



ချောင်းဆုံမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

ချောင်းဆုံ နိုဝင်ဘာ ၂၀

ချောင်းဆုံမြို့နယ် ကွမ်သဲအခြေခံပညာအထက်တန်းကျောင်း၌ ယနေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူချိန်မြင့်မားမှုနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် မီးငြိမ်းသတ်ရေးနည်းစနစ်များကို အသိပညာပေး ဟောပြောခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးသတ် ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ပုဗ္ဗသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တို့ရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၂၁

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)၌ ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ပုဗ္ဗသီရိမြို့နယ်ရှိ STEM ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပျဉ်းမနားမြို့နယ်ရှိ Alpha ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(သာဂရ)၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်မှ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ချည်စက်)၊ အခြေခံပညာ အထက်တန်းကျောင်း(ညောင်ကိုင်း)တို့မှ ကျောင်းသား ကျောင်းသူများသည် ဆရာ ဆရာမများနှင့်အတူ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။



ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော် လေယာဉ်များကိုလည်းကောင်း၊ တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကိုလည်းကောင်း စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်း မှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ယင်းနောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မှန့်များကို ပေးဝေကြသည်။

ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက် သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည် ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယခုကဲ့သို့ လေ့လာရေးအစီအစဉ်များကို ကျောင်းသားလူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကိုဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်း ဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။ သတင်းစဉ်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၃ လုံး ဖြိုချဖျက်ဆီးပြီးစီး

ကျန်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

နေပြည်တော် နိုဝင်ဘာ ၂၁

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချပြီးစီးခဲ့သည့် အတွက် ယနေ့အထိ တရားမဝင် အဆောက်အအုံ ၁၃ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၃၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချ ဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၉ လုံး စုစုပေါင်း အဆောက်အအုံ ၁၃ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံလုံး ၅၀ ကို လည်း စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားကိုယ်ပိုင်နှင့် အမျိုးသားလုံခြုံရေးကိုခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

တမူးမြို့ အထက(၁)၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

တမူး နိုဝင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ပူးပေါင်း၍ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှုနိုမြှင့်တင်ရေးလူငယ်စကားဝိုင်းကို ယမန်နေ့က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် ခရိုင်ပညာရေးမှူး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးတို့က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့်အနာဂတ်၊ လူငယ်နှင့် သိပ္ပံနည်းပညာ၊ လူငယ်နှင့် နိုင်ငံတကာဆက်ဆံရေး ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးသူနှင့် ကျောင်းသားကျောင်းသူများက ဆွေးနွေးကြသည်။



ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက "ကျွန်ုပ်တို့ စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ" စာကြည့်တိုက်လှုပ်ရှားမှု အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ၍ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ ရတနာ(တမူး)



ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ မြို့နယ်စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများပူးပေါင်း၍ နိုဝင်ဘာ ၁၉ ရက်က ရွှေတောင်မြို့ပေါ်ရှိ စားအုန်းဆီလက်လီလက်ကားအရောင်းဆိုင်များ၌ ပြည်သူများထံသို့ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ခွဲတမ်းရစားအုန်းဆီများ အပြည့်အဝရောင်းချပေးမှုရှိမရှိ၊ ဈေးနှုန်းဖြင့်တင်ရောင်းချမှုရှိမရှိ အခြေအနေများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ ကိုကိုမင်း(ပြန်/ဆက်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်အံ့

တပ်မတော်စစ်ကြောင်းများက အင်းတော် - ဝန်းသို - ကောလင်း - ကျွန်းလှ -ကန့်ဘလူ လမ်းကြောင်းအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်၊ ဒေသခံပြည်သူများ ဘေးကင်းလုံခြုံစွာ ခရီးသွားလာနိုင်ရေး မိုင်းရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၁

အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးပြီး အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဓိက အရေးပါသော ဆက်သွယ်ရေး လမ်းကြောင်းများ ဖြစ်သည့် အင်းတော် - ဝန်းသို - ကောလင်း - ကျွန်းလှ-ကန့်ဘလူလမ်းကြောင်းနှင့် အင်းတော် - ကျောက်တန်း-စပ်ဖါယ်နံသာ လမ်းကြောင်းများ အနီးတစ်ဝိုက် ခိုအောင်းနေထိုင်ပြီး အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက် သောင်းကျန်းသူများအား တပ်မတော် စစ်ကြောင်းများက ရဲဝံ့စွန့်စားစွာ လိုက်လံချေမှုန်းတိုက်ထုတ်လျက်ရှိရာ အင်းတော်-ဝန်းသို - ကောလင်း - ကျွန်းလှ-ကန့်ဘလူ လမ်းကြောင်းကို တပ်မတော် စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။


CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် မြို့/ရွာ/ လမ်းကြောင်း အချို့ကို ယာယီစိုးမိုးပြီး အကြမ်းဖက်လုပ်ရပ်များအား နည်းလမ်းမျိုးစုံဖြင့် ကျူးလွန်လုပ်ဆောင်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့၊ ရွာများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများအား အမြန်ဆုံးပြန်လည်သိမ်းပိုက်ထိန်းချုပ်ပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရန် အတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation) ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးပြီး အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် စစ်ကိုင်း တိုင်းဒေသကြီးအတွင်း အဓိက အရေးပါသည့် ဆက်သွယ်ရေး လမ်းကြောင်းများ ဖြစ်သော အင်းတော် - ဝန်းသို - ကောလင်း - ကျွန်းလှ-ကန့်ဘလူလမ်းကြောင်းနှင့် အင်းတော် - ကျောက်တန်း-စပ်ဖါယ်နံသာ လမ်းကြောင်းများ အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ် ပေးနိုင်ရေးအတွက်လည်း ကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး နိုဝင်ဘာလ ၁၅ ရက်တွင် အဆိုပါလမ်းကြောင်း များပေါ်ရှိ သင်တောကျေးရွာ နှင့် ဥတုံးပင်ကျေးရွာတို့အထိ အဆင့်ဆင့် ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ တပ်မတော် စစ်ကြောင်းများက ဝန်းသို-ကောလင်း-ကျွန်းလှ-ကန့်ဘလူ လမ်းကြောင်းနှင့် ကျောက်တန်း-စပ်ဖါယ်နံသာလမ်းကြောင်းများပေါ်တွင် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများအား ချေမှုန်းတိုက်ခိုက်နိုင်ရေး အတွက် နယ်မြေရှင်းလင်းခြင်း လုပ်ငန်းများကို ဆက်လက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလ ၁၆ ရက်တွင် ကံကြီး(အရှေ့) ကျေးရွာနှင့် ကံကြီး(အနောက်) ကျေးရွာအားလည်းကောင်း၊ နိုဝင်ဘာလ ၁၇ ရက်တွင် ချုပ်သင်း ကျေးရွာနှင့် ပုဏ္ဏာငယ် ကျေးရွာ၊ တောင်ပုံကျေးရွာနှင့် ဟင်းသော် ကျေးရွာတို့အားလည်းကောင်း၊ နိုဝင်ဘာလ ၁၈ ရက်တွင် လှည်းဘွဲ့ ကျေးရွာနှင့် အုန်းခြောက်လုံးတဲစု ကျေးရွာတို့အား လည်းကောင်း၊ နိုဝင်ဘာလ ၁၉ ရက်တွင် ချုပ်ကြီး ကျေးရွာနှင့် ပန်းခုံသာကျေးရွာတို့ အားလည်းကောင်း အဆင့်ဆင့် ခြေကုပ်ယူတိုက်ခိုက်သိမ်းပိုက်နိုင် ခဲ့ပြီး နိုဝင်ဘာလ ၂၀ ရက်တွင် ကျွန်းလှမြို့မှတစ်ဆင့် ကန့်ဘလူ မြို့သို့ရောက်ရှိခဲ့ရာ အင်းတော် - ဝန်းသို - ကောလင်း - ကျွန်းလှ-ကန့်ဘလူလမ်းကြောင်းကိုအလုံးစုံ ပြန်လည် သိမ်းပိုက်နိုင်ခဲ့ပြီဖြစ် ကြောင်းနှင့် အင်းတော်- ကျောက်တန်း-စပ်ဖါယ်နံသာ လမ်းကြောင်းအား အလုံးစုံပြန်လည်သိမ်းပိုက်နိုင်ရေးအတွက်လည်း အင်တိုက် အားတိုက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများအား ရွှေ့ပြေ့ခွါခွါ တိုက်ခိုက်ချေမှုန်း၍ စွမ်းစွမ်းတမံတာဝန် ထမ်းဆောင်ခဲ့သော အောင်ပွဲရတပ်မတော်စစ်ကြောင်းများအား ကျွန်းလှမြို့နှင့် ကန့်ဘလူမြို့တို့မှ ရဟန်း၊ သံဃာများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက အောင်သပြေပန်းများ၊ ဂုဏ်ပြုပန်းကုံးများကမ်း၍လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အကအလှများ ဖြင့်လည်းကောင်း လှိုက်လှဲ ဝမ်းသာစွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

တပ်မတော်အနေဖြင့် စစ်ကိုင်း တိုင်းဒေသကြီးအတွင်း အဓိက အရေးပါသော ဆက်သွယ်ရေး လမ်းကြောင်းများ ဖြစ်သည့် အင်းတော် - ဝန်းသို - ကောလင်း - ကျွန်းလှ - ကန့်ဘလူလမ်းကြောင်း နှင့် အင်းတော် - ကျောက်တန်း-စပ်ဖါယ်နံသာ လမ်းကြောင်းများ အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ် ပေးနိုင်ရေးအတွက် စွန့်လွှတ်စွန့်စား ရဲဝံ့ဖွယ်ကောင်းသော စစ်ဆင်ရေး များကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ဖြစ်ပါသည်။



တပ်မတော်စစ်ကြောင်းက အင်းတော် - ဝန်းသို - ကောလင်း - ကျွန်းလှ - ကန့်ဘလူလမ်းကြောင်းအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်မှုပြမြေပုံ။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ပြည်သူများ ထိခိုက်နစ်နာ၍ အကြောက်တရားလွှမ်းမိုးပြီး ဒေသတွင်း လူမှုစီးပွားဘဝများ ချွတ်ခြုံကျဆင်းစေရန် ရည်ရွယ်လုပ်ဆောင်ထားသည့် အများပြည်သူ သွားလာလှုပ်ရှိသော အဓိကဆက်သွယ်ရေး လမ်းကြီးများနှင့် ကျေးရွာချင်း ဆက်လမ်းများ၌ လည်းကောင်း၊ ဒေသခံပြည်သူများ၏ နေအိမ်များ အနီးဝန်းကျင်နှင့် ကျေးရွာလမ်း များ၌လည်းကောင်း မိုင်းမျိုးစုံ အား အရွယ်အစားအမျိုးမျိုးဖြင့် ထောင်ထားခဲ့ရာ ဒေသခံပြည်သူ များနှင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစေရေး အတွက် မိုင်းများအား ရှင်းလင်း ခြင်းလုပ်ငန်းစဉ်များကို ကန့်သတ် ချက်များအကြားမှ အချိန်ယူ၍ စနစ်တကျ ရှင်းလင်းဖော်ထုတ် ပေးခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များ ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် လူနေတိုက်တာ အိုးအိမ်များ၊ လမ်းတံတားများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ ကို ပြင်ဆင်၍ လိုအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်း လုံးတို့ကို သိမ်းပိုက်ရရှိခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူ များအနေဖြင့် ပြည်သူများ ထိခိုက် နစ်နာ၍ အကြောက်တရားလွှမ်းမိုး ပြီး ဒေသတွင်း လူမှုစီးပွားဘဝ များ ချွတ်ခြုံကျဆင်းစေရန် ရည်ရွယ်လုပ်ဆောင်ထားသည့် အများပြည်သူ သွားလာလှုပ်ရှိသော အဓိကဆက်သွယ်ရေး လမ်းမကြီးများနှင့် ကျေးရွာချင်း ဆက်လမ်းများ၌ လည်းကောင်း၊ ဒေသခံပြည်သူများ၏ နေအိမ်များ အနီးဝန်းကျင်နှင့် ကျေးရွာလမ်း များ၌လည်းကောင်း မိုင်းမျိုးစုံ အား အရွယ်အစားအမျိုးမျိုးဖြင့် ထောင်ထားခဲ့ရာ ဒေသခံပြည်သူ များနှင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစေရေး အတွက် မိုင်းများအား ရှင်းလင်း ခြင်းလုပ်ငန်းစဉ်များကို ကန့်သတ် ချက်များအကြားမှ အချိန်ယူ၍ စနစ်တကျ ရှင်းလင်းဖော်ထုတ် ပေးခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များ ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် လူနေတိုက်တာ အိုးအိမ်များ၊ လမ်းတံတားများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ ကို ပြင်ဆင်၍ လိုအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်း များနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်း စဉ်များကိုလည်း ဒေသခံပြည်သူ များ၏ ပူးပေါင်းကူညီဆောင်ရွက် မှုဖြင့် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့ များအနေဖြင့် NUG၊ CRPH တို့ ၏ သွေးထိုးမြှောက်ပင့်မှုများကို နားယောင်ပြီး ယခုကဲ့သို့ အကြမ်း ဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း သည် ဒေသခံပြည်သူလူထု၏ လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများ တွင် များစွာနောက်ကျစေလျက် ရှိသဖြင့် နိုင်ငံတော်နှင့် ဒေသ အတွက် အမှန်တကယ်အကျိုးပြု လိုပါက နီးစပ်ရာလုံခြုံရေးစခန်း များနှင့် ချိတ်ဆက်၍ ဥပဒေဘောင် အတွင်း အမြန်ဆုံးပြန်လည် ဝင်ရောက် သင့်ပါကြောင်းနှင့် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများကိုလည်း နိုင်ငံတော်အစိုးရနှင့်တပ်မတော် က လိုအပ်သည့် ကူညီထောက်ပံ့မှု များ ဆောင်ရွက်ပေးပြီး မိဘ အုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးလျက်ရှိ ကြောင်း သတင်းရရှိသည်။ (၁၀၀)


အကြမ်းဖက်သောင်းကျန်းသူများအား ရွှေ့ရွှေ့ခွါခွါတိုက်ခိုက်ချေမှုန်း၍ စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော အောင်ပွဲရတပ်မတော်စစ်ကြောင်းများအား ကန့်ဘလူမြို့မှ ရဟန်း၊ သံဃာများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက လှိုက်လှဲဝမ်းသာစွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။


အကြမ်းဖက်သောင်းကျန်းသူများအား ရွှေ့ရွှေ့ခွါခွါတိုက်ခိုက်ချေမှုန်း၍ စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော အောင်ပွဲရတပ်မတော်စစ်ကြောင်းများအား ကျွန်းလှမြို့မှ ရဟန်း၊ သံဃာများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက လှိုက်လှဲဝမ်းသာစွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။


တပ်မတော်စစ်ကြောင်းများက အင်းတော်-ဝန်းသို-ကောလင်း-ကျွန်းလှ-ကန့်ဘလူ လမ်းကြောင်းနှင့် အင်းတော်-ကျောက်တန်း-စပ်ဖါယ်နံသာ လမ်းကြောင်းများပေါ်ရှိ အကြမ်းဖက်အဖွဲ့များ၏ အနိုင်ကျင့်ခိုလှုံကျက စစ်စခန်းအဖြစ်အသုံးပြုခဲ့သည့် ကံကြီးကျေးရွာနှင့် ချုပ်ကြီးကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။


ထန်းတပင်ရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။


သစ်ပုံလွင်ရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။


လယ်ပြင်ကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။


ကြိမ်ချောင်းကျေးရွာအနီး အကြမ်းဖက် သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။


အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရိုင်းစိုင်းစွာ ထောင်ထားသည့် မိုင်းများအား တပ်မတော်စစ်ကြောင်းများက ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။


ချုပ်ကြီးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာ ထောင်ထားသည့် မိုင်းများနှင့် ဆက်စပ်ပစ္စည်းများအား ရှင်းလင်းထားမှုမှတ်တမ်းဓာတ်ပုံ။


ဥတုံးပင်ရွာအနီး အကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာ ထောင်ထားသည့် မိုင်းများနှင့် ဆက်စပ်ပစ္စည်းများအား ရှင်းလင်းထားမှု မှတ်တမ်းဓာတ်ပုံ။

တပ်မတော်စစ်ကြောင်းများက ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ် လုံစံကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှု ကျူးလွန်သူ ၂၅ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၁

ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကိုခြိမ်ခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို ပဝေါက်စေရေး နိုင်ငံတော်အစိုးရအနေဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် အလှမ်းဝေးသောနယ်စပ်ဒေသများတွင် အခြေပြုပြီး လုပ်ကိုင်နေမှုများကို ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်တိုက်ဖျက်နေသကဲ့သို့ ပြည်တွင်း၌ ကျူးလွန်နေသူများကိုလည်း ပြင်းပြင်းထန်ထန် ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ်အတွင်း အခြေစိုက် ခိုအောင်းနေသည့် အွန်လိုင်းငွေကြေး လိမ်လည်မှု ကျူးလွန်သူ ၂၅ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ တပ်မတော်စစ်ကြောင်းများက အောင်မြင်စွာ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။


ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းကိုင်မြို့နယ်အတွင်း အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်သူများသည် ယာယီလူနေတဲများ ဆောက်လုပ်၍ အခြေပြုခိုအောင်းလုပ်ကိုင်လျက်ရှိကြောင်း တာဝန်သိ ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းများက အကွက်ကျကျ သတင်းကွင်းဆက် ရယူဖော်ထုတ်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် မိုင်းကိုင်မြို့နယ် လုံစံကျေးရွာ၏ မြောက်ဘက် မိတာ ၂၇၀၀ ခန့် အကွာသို့အရောက်၌ အွန်လိုင်းငွေကြေးလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာယီတဲအချို့အား တွေ့ရှိရပြီး ဝန်းကျင်တစ်ဝိုက်ဆက်လက်ရှင်းလင်းရာ ၎င်းနေရာ၏ အနောက်မြောက်ဘက် မိတာ ၁၃၀၀ ခန့်အကွာ၌ အွန်လိုင်းငွေကြေးလိမ်လည်မှုများ လုပ်ကိုင်နေသည့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား ၂၅ ဦးတို့အား အွန်လိုင်းငွေကြေးလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုသည့် အလှူးပေ ၄၀၊ အနံပေ ၃၀၊ ယာယီလူနေတဲ တစ်လုံး၊ အလှူးပေ ၃၀၊ အနံ ၁၅ ပေ၊ ယာယီလူနေတဲ တစ်လုံး၊ အလှူးပေ ၅၀၊ အနံပေ ၃၀၊ ယာယီလုပ်ငန်းသုံးတဲ တစ်လုံး၊ အလှူးပေ ၄၀၊ အနံပေ ၂၀၊ ယာယီစားချက်ဆောင်တဲတစ်လုံး၊ ALL in One ကွန်ပျူတာနှစ်လုံး၊ ဖုန်းမျိုးစုံ ၃၉ လုံး၊ Starlink နှစ်လုံး၊ Power Station နှစ်လုံး၊ Gas မီးဖိုနှစ်လုံး၊ အင်တာနက် လိုင်းအားဖြင့်စက်နှစ်လုံး၊ Router တစ်လုံးတို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းငွေကြေးလိမ်လည်မှုကျူးလွန်သူများသည် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ တစ်ဆင့် မြန်မာ–တရုတ်နယ်စပ်မှ တရားမဝင်ခိုးဝင်၍ မြန်မာနိုင်ငံ ပန်ဆန်းမြို့သို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်ပြီး ထိုမှတစ်ဆင့် ဝမ်ဟိုင်း–ကျောသီး–ပန်ဝိုင်–ဟမ်းဝိုင် လမ်းကြောင်းမှ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ် လုံစံကျေးရွာအနီးသို့ ရောက်ရှိခဲ့ပြီး အွန်လိုင်း ငွေကြေးလိမ်လည်မှု လုပ်ငန်းများအား ၂၀၂၆ ခုနှစ် နိုဝင်ဘာလပထမပတ်ခန့်မှစ၍ စတင်လုပ်ကိုင်ခဲ့ကြောင်း၊ လစာအနေဖြင့် တရုတ်ယွမ်ငွေ ၆၅၀၀ ခန့်ရရှိမည်ဖြစ်ပြီး လုပ်ငန်းလုပ်ကိုင်သည်မှာ ၁၅ ရက်ခန့်သာရှိသေး၍ လစာမရရှိသေးကြောင်း၊ ကွန်ပျူတာနှင့်ဖုန်းများအား အသုံးပြု၍ WE CHAT၊ MO MO နှင့် QQ APPLICATION စသည့် လူမှုကွန်ရက်များမှတစ်ဆင့် ငွေကြေးကြွယ်ဝချမ်းသာသူ တရုတ်နိုင်ငံသားများအား အဓိကပစ်မှတ်ထား ရှာဖွေရကြောင်း၊ ခင်မင်ရင်းနှီးမှု တည်ဆောက်ကာ အကျိုးတူစီးပွားရေး လုပ်ငန်းများတွင် ပါဝင်လာစေရေး လိမ်လည်ဆွဲဆောင်စည်းရုံးခြင်းများ ပြုလုပ်ရကြောင်း၊ သဘောတူလက်ခံ၍ အတူတကွဆောင်ရွက်ရန် ဆက်သွယ်လာပြီး အရင်းအနှီးများ ထည့်ဝင်လာသောအခါ အဆက်အသွယ် ဖြတ်တောက်ခြင်း၊ Online Website အတုများဖြင့် Online Shop လုပ်ငန်းများနှင့် အောင်မြင်ကျော်ကြားသော လူပုဂ္ဂိုလ်များ၏ အကောင့်အတုများဖွင့်လှစ်ကာ ငွေကြေးလိမ်လည်မှုပြုလုပ်ခြင်းများ ဆောင်ရွက်ရကြောင်း သိရှိရသည်။

ထို့သို့ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ ပြင်းပြင်းထန်ထန် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည်။

ထို့ပြင် တရားမဝင်ဆောက်လုပ်ထားသည့် လူနေတဲများနှင့် လုပ်ငန်းသုံးတဲများကိုလည်း စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အပြီးတိုင် လုံးဝပပျောက်သွားစေရေးအတွက် အမြစ်ပြတ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် အထူးအလေးထား၍ တက်ကြွစွာ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ်အတွင်း အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုပြမြေပုံ။



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ် လုံစံကျေးရွာအနီး ဖမ်းဆီးရမိသည့် အွန်လိုင်းငွေကြေးလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာယီလူနေတဲကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ်အတွင်း အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

✤ *ကျောထိုးမှ*

သီဟဒီပကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် အဆင့်(၄)နေရာမှ ရတနာပုံအသင်းက ချင်းလန်းအသင်းကို ခြောက်ဂိုး–ဂိုးမရှိဖြင့် ဂိုးပြတ် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးများကို ၁၁ မိနစ်၊ ၁၉ မိနစ်(ပင်နယ်တီ)တွင် စထွန်းအာဝါ၊ မိနစ် ၄၀ တွင် ပြည့်ဖြိုးအောင်၊ ၅၃ မိနစ်တွင် ဝင်းဇော်အောင်၊ ၇၅ မိနစ်တွင် စိုးမောင်မောင်နှင့် ၇၇ မိနစ်တွင် ညီမင်းဂုန်းတို့က သွင်းယူပေးခဲ့သည်။

အပတ်စဉ်(၂၅) နောက်ဆုံးပွဲစဉ်ကို နိုဝင်ဘာ ၂၂ ရက်တွင် အဆင့်(၁)နေရာမှ ရန်ကုန်ယူနိုက်တက်နှင့် အဆင့်(၁၀) နေရာမှ ဟံသာဝတီယူနိုက်တက်အသင်းတို့ YUSC ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။**နေမျိုး၊ ဓာတ်ပုံ–ML**

❍ *ကျောထိုးမှ*

ရိုဘတ်ကော်ဗာ၊ ၁၉ မိနစ်တွင် သန်းပိုင်၊ ၃၁ မိနစ်တွင် ဇော်ဝင်းသိန်းနှင့် ၄၈ မိနစ်တွင် ကောင်းခန့်ဇော်(OG) တို့က သွင်းယူခဲ့သည်။ ISPE အတွက် ချေပဂိုးများကို ၂၅ မိနစ်တွင် စီရန်ပို့၊ ၃၅ မိနစ်တွင် ခိုင်ရဲဝင်းနှင့် ၅၂ မိနစ်တွင် မိုးဆွေအောင်တို့က သွင်းယူခဲ့သည်။

သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် စစ်ကိုင်းယူနိုက်တက်က မြဝတီအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ စစ်ကိုင်းအသင်းအတွက် အနိုင်ဂိုးများကို ၃၆ မိနစ်တွင် နေလင်းစိုးနှင့် ၇၁ မိနစ်တွင် ရာဇာအောင်တို့က သွင်းယူပေးခဲ့သည်။ မြဝတီအသင်းအတွက် ချေပဂိုးကို ၂၃ မိနစ်တွင် သီဟအောင်က သွင်းယူပေးခဲ့သည်။

အပတ်စဉ်(၇) ဒုတိယနေ့ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၂ ရက်တွင် သုဝဏ္ဏကွင်း၌ ဒဂုံစတားယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နေမျိုး

ဓာတ်ပုံ–ML

❑ *ကျောထိုးမှ*

လေးဂိုး–ဂိုးမရှိ ULAD FC က ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၀ ဂိုး–ဂိုးမရှိ မင်္ဂလာဒုံစီးတီးအသင်းက Burmese Warriors အသင်းကို ရှစ်ဂိုး–ငါးဂိုးနှင့် JV အသင်းက Royal Noka အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အသီးသီးအနိုင်ရခဲ့ပြီး Gold Dream နှင့် YCDC Dream Team အသင်းပွဲစဉ်တွင် တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

